# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၁၁)ရက် ၊ အင်္ဂါနေ့ ၊ (2-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation– SCO SUMMIT 2025 Plus)သို့ ပါဝင်တက်ရောက်ဆွေးနွေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)၌ ပါဝင်တက်ရောက်ဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organ–isation – SCO SUMMIT 2025 Plus)သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အဆိုပါရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၂ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှသည်

မြန်မာနှင့်တရုတ်နိုင်ငံသည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့ သိသာထင်ရှားစွာတိုးတက်လာခဲ့သည်။

**"တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း"** စသည်ဖြင့် ဩဂုတ် ၃၁ ရက် တီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် မြန်မာ-တရုတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနှင့်တရုတ်နိုင်ငံသည် မီးရထားလမ်းစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ကုန်သွယ်မှုကဏ္ဍတွင် တိုးတက်မှုများပိုမိုဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ အဆိုပါသဘောတူစာချုပ်အပြင် တရုတ်-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာသဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေးအစီအမံများကြောင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြားတွင် ဒေသတွင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာ တိုးမြှင့်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အခြေခံကျသည့် မူဝါဒအဖြစ် ခိုင်ခိုင်မာမာကျင့်သုံးလျက်ရှိသည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့သည်။ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ-တရုတ် နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှပါဝင်နေသည်။ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေခြင်းကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပါက ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိသဿချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးဖယ်ပိဿချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များ စနစ်တကျ စစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ ဇူလိုင်လအတွင်းက ငါးဖယ်ပိဿချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးဖယ်ပိဿချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဩဂုတ်လအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းအနေနဲ့ ငါးဖယ်ပိဿချိန် ၇၀၀၀၀ ကျော်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရည်အသွေးကောင်း ငါးဖယ်တွေပါ။ ရန်ကုန်ဈေးကွက်က စက်တင်ဘာလထဲမှာပါ ငါးဖယ်တွေ မှာယူအားတက်နေပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများတင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်များ တစ်ပိဿလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ




**မန္တလေး စက်တင်ဘာ ၁**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားကလပ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်နှင့် ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ကလပ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရေးမှူးတို့က အမျိုးသား Fitness Physique Open ပြိုင်ပွဲတွင် သရုပ်ပြတင်ဆက်ခဲ့သူအား ဂုဏ်ပြုငွေကိုလည်းကောင်း၊ အမျိုးသား Sport Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Sport Physique Over 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Over 170 cm ပြိုင်ပွဲ နှင့် အသက် ၂၁ နှစ်အောက် ကာယဗလမောင် ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်းနှင့် ၇၅ ကီလိုတန်း ကာယဗလမောင် ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက အမျိုးသမီး Model Physique Up to 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Over 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique Open ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကို လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး Fitness Physique Open ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၇၅ ကီလိုအထက် ကာယဗလမောင် ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကို လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၂၁၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါမတ်ပဲ စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၈၇၅ ဧက၊ အရာတော်မြို့နယ်တွင် ၄၉ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၀၅၁ ဧက စုစုပေါင်း ၁၉၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲဧက ၂၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်စေရေး နည်းလမ်းတွေကိုလဲ မြေပြင် ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် မဒင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ မဒင်းကျေးရွာအုပ်စု မဒင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၄ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မဒင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၃သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကျန်ရစ်သူသား၊ သမီး၊ မြေးမိသားစုတို့က မိဘများဖြစ်သော ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်ဆွေ၊ အဘွား ဒေါ်အေးစိန်တို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၄၀၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၉၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၁၄၀၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၉၃၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့်နည်းပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကဝမြို့နယ် ဝက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုနေမှု စစ်ဆေး

**ကဝ စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ဝက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က လုပ်ငန်းများ ရေရှည်တည်တံ့အောင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဆိုင်ရာငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ဝက်ကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၂ ဦးကို ရန်ပုံငွေကျပ် ၁၃ ဒသမ ၇၅ သန်း ထုတ်ချေးထားကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။


ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခုံးမပိဿာချိန် ၅၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးခုံးမများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခုငါးခုံးမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်။ ဩဂုတ်လအတွင်း ငါးခုံးမပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတဲ့ ငါးခုံးမတစ်ပိဿာကို ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးခုံးမများ နေ့စဉ်တင်ပို့ရောင်းချလာရပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ငါးမွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဝတ်မစွတ်နဝဒေးနှင့် မော်ကွန်းကဗျာ

**ပြေအေးသက်**

မြန်မာစာဆိုလောကတွင် နဝဒေး ငါးပါးအမည်စာရင်းပေါက်ခဲ့ရာ အဆိုပါ ငါးပါးအနက် မင်းပေးဘွဲ့ခံနှစ်ပါးဖြစ်သည့် ပြည်နဝဒေးကြီးကို ပထမနဝဒေးဟူ၍လည်းကောင်း၊ ဝတ်မစွတ်နဝဒေးကို ဒုတိယနဝဒေးဟူ၍လည်းကောင်းခေါ်ကြသည်။ ကျန်နဝဒေးသုံးပါးသည် စာပေအရေးအသားကြောင့် နဝဒေးဟူသည့် စာဆိုကျော်တံခွန်စိုက်ဘွဲ့ကို ပြည်သူအများက ခေါ်ဝေါ်ကြဟန်တူသည်။ ထိုထဲတွင်မပါဝင်သေးဘဲ မင်းပေးဘွဲ့ခံတစ်ဦးမှာ နဝဒေးဘွဲ့ခံ မြင်းခွာစားမင်းရာဇာဟူ၍လည်းရှိသေးသည်။ ယခုမော်ကွန်းကဗျာရေးဖွဲ့သည့် ဝက်မစွတ်မြို့စားမှာ ဒုတိယနဝဒေးပင်ဖြစ်သည်။ ဒုတိယနဝဒေးသည် မော်ကွန်း ၁၆ စောင်နှင့် မော်ကွန်းအများဆုံးကို ဒုတိယအင်းဝခေတ်တွင် ရေးသားနိုင်ခဲ့သည့် မော်ကွန်းနဝဒေးဖြစ်ပြီး ရတု ရှစ်ပုဒ်၊ ချေင်းတစ်ပုဒ်တို့ကိုလည်း ရေးဖွဲ့ခဲ့လေသည်။ မိုင်းခိုင်းမြို့စား ဦးယံ၏ပိဋကတ်တော်သမိုင်းတွင် မော်ကွန်း ၆၈ ပုဒ်ရှိကြောင်း မှတ်တမ်းတင်ထားပြီး ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်းတွင် မော်ကွန်းပုဒ်ရေ ၇၀ ရှိကြောင်း မှတ်တမ်းတွေ့ရရာ ဒုတိယနဝဒေးအနေဖြင့် မော်ကွန်းစုစုပေါင်း၏ လေးပုံတစ်ပုံခန့်ကို ရေးဖွဲ့နိုင်ခဲ့ကြောင်း ဆိုရပေသည်။

**ဒုတိယ ဝတ်မစွတ်နဝဒေး**

ဝက်မစွတ်နဝဒေးသည် သက္ကရာဇ် ၁၁၁၇ ခုနှစ်တွင် ဖွားမြင်ပြီး ငယ်မည်မှာ မောင်နုဖြစ်သည်။ စစ်ကိုင်းမြို့နယ် မြေလတ်ဆားတောင်မ ငါးရွာအပါအဝင်ဖြစ်သော ရွာဝေးရွာသူကြီးမျိုးရိုးဖြစ်သည်။ ဘိုးတော်ဘုရားက မောင်နုကို ရွာဝေးသူကြီး ခန့်ထားသည်။ ဗလနန္ဒသူဘွဲ့ကိုလည်း ပေးသနားသည်။ ၁၁၆၀ ပြည့်နှစ်တွင် ပုခန်းမင်းသား သတိုးမင်းရဲကျော်ခေါင်ကို ရွှေဂူမင်းသမီးနှင့်စုံဖက်ရာ၌ မင်္ဂလာလက်ထပ်ရတုကို ဆက်သွင်းသည်။ ထို့နောက် မင်္ဂလာလက်ထပ်ရတု၊ နားထွင်းသျှောင်ထုံးရတုများ၊ ဘုန်းတော်ဘွဲ့ရတုများကို ရေးသားဆက်သွင်းရာ ရေကြည်မှအပြန်တွင် ဘိုးတော်ဘုရားက နဝဒေးဘွဲ့ကိုပေးသနားသည်။ ဝက်မစွတ်မြို့ကိုလည်း အပိုင်စားစေသည်။ မြေးတော်၊ သားတော်နားထွင်းသျှောင်ထုံးရတုများ၊ မင်းကွန်းနန်းတော်ဖွဲ့ရတု၊ အိမ်တော်သိမ်းရတုများကို ဆက်သရာတွင် စာပေအရေးအသားပြောင်မြောက်သဖြင့် အတွင်းသံတော်ဆင့်ကြီး ခန့်တော်မူသည်။ ၁၁၇၀ ပြည့်နှစ်တွင် ဒုတိယနဝဒေးသည် တွင်းသင်းတိုက်ဝန်ရာထူး ပေးသနားခြင်းခံရသည်။ ထို့ပြင် မဟာသင်္ခယာစည်သူ၊ မဟာသီရိစည်သူဟူသော ဘွဲ့နှစ်ထပ်ကိုလည်း ချီးမြှင့်ပေးသနားခြင်းခံရသည်။ ၁၁၈၅ ခုနှစ်တွင် မိတ္ထီလာကန်တော်မော်ကွန်းကို ရေးသားဆက်သွင်းသဖြင့် အချီးအမွမ်းခံရသည်။

ဘကြီးတော်(စစ်ကိုင်းမင်း) လက်ထက်တွင် တက်ထွန်းဘုန်းကြွယ်ချီဘုန်းတော်ဘွဲ့မင်္ဂလာရတုကို ရေးသားဆက်သွင်းရာ ရွာဝေးရွာကို ပေးသနားခံရပြန်ကာ ဥတ္တမသီရိဘွဲ့ ချီးမြှင့်ခံရသည်။ အိုမင်းမစွမ်းသောအခါတွင် ပတ္တမြားကျောက်စီ တောင်ဝှေးကို ပေးသနားပြီး တံခါးနီအရောက် ပေါင်းယာဉ်စီး၍ ဝင်ခွင့်ရရှိသည်။

သာယာဝတီမင်းလက်ထက် ၁၂၀၂ ခုနှစ် ပြာသိုလဆန်း ၂ ရက် သက်တော် ၈၅ နှစ်တွင် အနိစ္စရောက်သည်။ ဝက်မစွတ်နဝဒေးသည် မော်ကွန်း ၁၆ စောင်ရေးဖွဲ့ခဲ့သည်။ ရေးသားခဲ့သောမော်ကွန်းများမှာ ၁၁၅၈ ခုနှစ် မိတ္ထီလာကန်တော်မော်ကွန်း၊ ၁၁၆၈ ခုနှစ် စန္ဒမုနိဖွဲ့မော်ကွန်း၊ ၁၁၈၃ ခုနှစ် ရခိုင်နိုင်မော်ကွန်း၊ ၁၁၈၄ ခုနှစ် အာသံနိုင်မော်ကွန်း၊ ၁၁၈၅ ခုနှစ် တရုတ်သံရောက်မော်ကွန်း၊ ၁၁၈၅ ခုနှစ် ဘကြီးတော်ဘုရားနန်းဘွင့်မော်ကွန်း၊ ၁၁၈၆ ခုနှစ် ဝိလာသိနီမော်ကွန်း၊ ၁၁၉၄ ခုနှစ် လောကဝိဒူမော်ကွန်း၊ ဗာဝရီမော်ကွန်း၊ သာမုဒြိကမော်ကွန်း၊ မင်းကွန်းနန်းတော်ဖွဲ့မော်ကွန်း၊ အမရပူရမြို့ဖွဲ့မော်ကွန်း၊ ဣသျှံဂူမော်ကွန်း၊ ဒဝယ်နိုင်မော်ကွန်း၊ ၁၂၀၁ ခုနှစ် ရဲတင်းမော်ကွန်းနှင့် မုနိသျှစ်ဆူမော်ကွန်းတို့ဖြစ်သည်။

ဝတ်မစွတ်နဝဒေး ရေးသားခဲ့သောရတုများမှာ ၁၁၅၈ ခုနှစ် "တက်ဖြိုးလျှံဝေ"ချီ ပုခန်းမင်းသားနှင့် ရွှေဂူမင်းသမီးလက်ထပ်မင်္ဂလာရတု၊ "လင်းပြည့်လင်္ကျာ"ချီ မက္ခရာမင်းသားလက်ထပ်မင်္ဂလာရတု၊ "တက်ဖြိုးလျှံဖြာ"ချီ မြင်စိုင်းမင်းသားလက်ထပ်မင်္ဂလာရတု၊ "စကြာနိုးဆွေ"ချီ မြဝတီမင်းသားလက်ထပ်မင်္ဂလာရတု၊ "လျှံထွန်းဖြိုးစည်"ချီ သရက်မင်းသားလက်ထပ်မင်္ဂလာရတု၊ "တိုးပွားတက်ဝှန်"ချီ မင်းတုန်းမင်းသားလက်ထပ်မင်္ဂလာရတု၊ "လင်းစည့်လျှံဝေ"ချီ လှိုင်မင်းသားလက်ထပ်မင်္ဂလာရတုနှင့် "ပြောင်ရွှန်းတေဇာ"ချီ ဘကြီးတော်ဘုရားနှင့် ပန်းတောင်းမင်းသမီး လက်ထပ်မင်္ဂလာရတုတို့ဖြစ်ပြီး ရတုရှစ်ပုဒ်ရေးဖွဲ့ခဲ့ပေသည်။

> ❖ **မော်ကွန်းဟူသောစကားသည် ပုဂံခေတ်ကပင်ရှိခဲ့သည်။ ပုဂံမြို့ လေးထောင့်ကန်အရပ်၊ တက်နွဲအရပ်နှင့် စစ်ကိုင်းမြို့များ၌ တူးဖော်တွေ့ရှိရသော ရှေးဟောင်းကျောက်စာများတွင် အမှုကွန်းတင်သော အကြောင်းအရာများကို ရေးထိုးထားသည်။ အလှူပြုသော သက်ရှိ၊ သက်မဲ့စာရင်းများကိုခိုင်ခံ့ထင်ရှားအောင် ရေးမှတ်ထားခြင်းကို အမှုကွန်းတင်သည်ဟုခေါ်ဆိုသည်။ အမှုကွန်းစကားမှပြောင်းလဲလာ၍ အင်းဝခေတ်တွင် မော်ကွန်းဝေါဟာရဖြစ်ပေါ်လာသည်ဟုယူဆရသည်။** ❖

**မော်ကွန်းသဘောသဘာဝ**

မော်ကွန်းဟူသောစကားသည် ပုဂံခေတ်ကပင်ရှိခဲ့သည်။ ပုဂံမြို့ လေးထောင့်ကန်အရပ်၊ တက်နွဲအရပ်နှင့် စစ်ကိုင်းမြို့များ၌တူးဖော်တွေ့ရှိရသော ရှေးဟောင်းကျောက်စာများတွင် အမှုကွန်းတင်သော အကြောင်းအရာများကိုရေးထိုးထားသည်။ အလှူပြုသော သက်ရှိ၊ သက်မဲ့စာရင်းများကို ခိုင်ခံ့ထင်ရှားအောင် ရေးမှတ်ထားခြင်းကို အမှုကွန်းတင်သည်ဟုခေါ်ဆိုသည်။ အမှုကွန်းစကားမှပြောင်းလဲလာ၍ အင်းဝခေတ်တွင် မော်ကွန်းဝေါဟာရဖြစ်ပေါ်လာသည်ဟုယူဆရသည်။ မော်ကွန်းတွင် ရေးမှတ်ထားသော စာရင်းအင်းများကို စကားပြေဖြင့်သာမဟုတ်ဘဲ ကဗျာလင်္ကာဖြင့် ဆင်တော်၊ နန်းတော်၊ လှေတော်၊ စစ်ပွဲ၊ ကန်တော်နှင့် ဘုရားစေတီအကြောင်း စသည်တို့ကို နောင်အစဉ်အလာ ဥဒါန်းတွင်ရစ်အောင် ရေးသားစီကုံး ဖွဲ့နွဲ့ထားသည့် ကဗျာလင်္ကာများကိုလည်း မော်ကွန်းကဗျာဟူ၍ပင် ခေါ်ကြလေသည်။ မော်ကွန်းသည် မြန်မာစာပေတွင် လေးလုံးစပ် အဖွဲ့အနွဲ့တစ်မျိုးဖြစ်သည်။

**မော်ကွန်းဖြစ်ပေါ်လာပုံ**

အလှူစာရင်းများကို နောင်လာနောက်သားများ တည်တံ့ခိုင်မြဲစွာ မှတ်သားနာယူနိုင်စေရန် ရေးမှတ်ထားသောအကြောင်းအရာများကို အင်းဝခေတ်မှစ၍ နှောင်းခေတ်များတွင် စကားပြေဖြင့်သာမဟုတ်ဘဲ ကဗျာလင်္ကာဖြင့်လည်း ရေးသားခဲ့၏။ ကဗျာလင်္ကာဖြင့်ရေးသော မော်ကွန်းများသည် အင်းဝခေတ်တွင် ပေါ်ပေါက်၍ ထိုခေတ်တွင် အထွန်းကားဆုံးဖြစ်၏။ ၈၃၀ – ၈၄၂ ခုနှစ်တွင် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသော မဟာသီဟသူရလက်ထက်တွင် စစ်လျှင်ထောင်မှူး ရှင်ထွေးညိုရေးသားသည့် ပြည်စုန်မော်ကွန်းမှာ အဦးဆုံးမော်ကွန်းဖြစ်သည်။ ၈၃၄ ခုနှစ်တွင် မဟာသီဟသူရသည် ညီတော် ပြည်မြို့စားမင်းကြီးစွာနှင့်သာယာဝတီစား ဦးရိုးတော်ကျော်စွာတို့ ရိုင်းပျခြားနားကြသည်ကို နှိမ်နင်းရန် ရွှေစကြာဖောင်တော်ဖြင့် ပြည်မြို့သို့ စုန်ဆင်းနှိပ်ကွပ်တော်မူရာတွင် ဖြစ်ပျက်တွေ့ကြုံရသော အကြောင်းအရာများကို ထိုမော်ကွန်းတွင် ဖွဲ့နွဲ့စပ်ဆိုထားသည်။ ရှင်ထွေးညိုသည် ရွှေစာတိုင်ဆင်တော် မော်ကွန်းကိုလည်း ၈၇၂ ခုနှစ် အင်းဝဘုရင် ရွှေနန်းကြော့ရှင်လက်ထက်တွင် စပ်ဆိုသေးသည်။

ရှင်ထွေးညို၏နောက်တွင် ပေလေးပင်ရှင်လေးပါး သိုက်ဝင်ရှင်မဟာသီလဝံသသည် တံတားဦးတည်မော်ကွန်း ၁၂ ပိုဒ်ကိုဖွဲ့ဆိုသည်။ မိမိထက်ဦးစွာ ရှင်မဟာရဋ္ဌသာရက တံတားဦးတည်မော်ကွန်းတစ်စောင်ရေးပြီးဖြစ်ကြောင်း သိရသောအခါ ဆက်လက်မရေးသားဘဲ ပုရပိုက်ပေါ် ရေးပြီးသား ၁၂ ပိုဒ်ကို ချေဖျက်စေသည်တွင် တပည့်များက သိမ်းဆည်းထားခဲ့သည်ဟု ဆိုလေသည်။ ရှင်မဟာသီလဝံသသည် သျှိသျှားကန်ဖွဲ့မော်ကွန်း (မိတ္ထီလာကန်ဖွဲ့မော်ကွန်း)၊ ရွှေနန်းဖွဲ့မော်ကွန်းများကိုလည်း ရေးသားသည်။ အင်းဝခေတ်တွင် ရေးသားသော မော်ကွန်းများသည် အဆင့်အတန်းမြင့်၍ ထိုခေတ်သည် မော်ကွန်းတံခွန်စိုက်သော ခေတ်ဖြစ်၏။ တောင်ငူခေတ်တွင် မော်ကွန်းခေတ်မစားပေ။ တောင်ငူခေတ်အဆုံးတွင် ပေါ်ပေါက်သော လက်ဆောင်ယူမှူး ရှင်သံခိုတစ်ဦးသာလျှင် ရတနာပြောင်မွန် ဆင်တော်မော်ကွန်းကို ရေးသားခဲ့သည်။

ကုန်းဘောင်ခေတ် ပထမပိုင်းတွင် မော်ကွန်းများကို ပြန်လည်ရေးသားကြပြန်သည်။ လက်ဝဲသုန္ဒရအမတ်သည် ဘိုးတော် မုဒ္ဒါဘိသေက မော်ကွန်း၊ နိဗ္ဗာနပစ္စယ ဆင်တော်မော်ကွန်း၊ ရတနာပူရအင်းဝပြည်တော်ကြီးလာ မော်ကွန်း၊ မဟာဝိဇယရံသီစည်းခုံတော်မော်ကွန်း၊ မင်းကွန်းစေတီတော်တည်မော်ကွန်း၊ ဧည့ဝတီနိုင်မော်ကွန်းများကို ရေးသားပြုစုခဲ့သည်။ ဆင်ဖြူရှင်လက်ထက်တွင် ယိုးဒယားနိုင်မော်ကွန်းကို လက်ဝဲနော်ရထာပြုစုခဲ့ပြီး စဉ့်ကူးမင်းလက်ထက်တွင် အတွင်းဝန်ထောက် ဦးညိုသည် ရွှေမင်းဘုန်းဆင်တော် မော်ကွန်းကို ရေးသားသည်။ ထိုရွှေမင်းဘုန်း ဆင်တော်မော်ကွန်းသည် အဆင့်အတန်းမြင့်သောမော်ကွန်းဖြစ်ပေသည်။ မြန်မာစာပေတွင် ဆင်တော်မော်ကွန်းပေါင်း ခုနစ်စောင်ခန့် တွေ့ရှိရသည့်အနက် ဒုတိယအကောင်းဆုံးဟုဆိုနိုင်ပြီး ဦးညိုသည် ဤမော်ကွန်းဖြင့် ကျော်ကြားခဲ့ပေသည်။

ကုန်းဘောင်ခေတ် ဒုတိယပိုင်းတွင်လည်း တွင်းသင်းတိုက်ဝန်သည် မော်ကွန်းကောင်းများ ပြုစုခဲ့ရာ ပုဏ္ဍရိကဆင်တော်မော်ကွန်း၊ မင်းကွန်းနန်းတော်ဖွဲ့မော်ကွန်း၊ အမရပူရမြို့ဖွဲ့မော်ကွန်းတို့ဖြစ်ပြီး ဝက်မစွတ်နဝဒေးဟုထင်ရှားသည့် ဦးနုသည် မော်ကွန်းဘက်တွင် များစွာထင်ပေါ် ကျော်စောပေသည်။ ဦးနု၏မော်ကွန်းများတွင် ဝိလာသိနီမော်ကွန်းသည် ဆင်တော်မော်ကွန်းများတွင် ပထမတန်းစားဖြစ်၏။ ဝက်မစွတ်နဝဒေး၏နောက် တံဆိပ်ဝန်ဦးရွှေခြည်သည် ဗိမာန်ရတနာကျောင်းတော်မော်ကွန်း၊ မဟာဝေယံဘုံသာကျောင်းတော်မော်ကွန်းတို့ကို ပြုစုသည်။ ထို့နောက် ဦးပုညသည် မော်ကွန်း လေးစောင်မျှ ရေးသားခဲ့သည့်အနက် ရတနာနဒီ(မြစ်တော်ဖွဲ့)မော်ကွန်းသည် အကောင်းဆုံးဟု ဆုံးဖြတ်ကြသည်။ ဦးပုည၏ မော်ကွန်းများမှာ တည်တည်ကြည်ကြည် ဖွဲ့နွဲ့ထားသည်ဖြစ်၍ အထက်တန်းစား မော်ကွန်းများဖြစ်သည်။ ဦးပုည၏နောက် ကင်းဝန်မင်းကြီးသည် ရတနာနဒီမော်ကွန်း၊ ဓမ္မောဇမော်ကွန်းတို့ကို ရေးသားပြုစုသည်။ သို့အားဖြင့် ကုန်းဘောင်ခေတ်သည် အင်းဝခေတ်ကဲ့သို့ပင် မော်ကွန်းထွန်းကားသော ခေတ်ဟုဆိုရပေမည်။ ကုန်းဘောင်ခေတ် မော်ကွန်းများသည် အင်းဝခေတ်မော်ကွန်းများ အဆင့်အတန်းကို မမီစေကာမူ ခေတ်အလိုက် ထွန်းကားခဲ့ကြောင်းကို မှတ်တမ်းတင်ရပေမည်။

**ဒုတိယနဝဒေး၏ စစ်နိုင်မော်ကွန်း**

အာသံနိုင်မော်ကွန်းသည် ဇာတိသွေးဇာတိမာန် တက်ကြွထက်သန်နိုင်အောင် စွမ်းဆောင်ခဲ့သည့် လွန်စွာထင်ရှားခဲ့သော မော်ကွန်းတစ်စောင်ဖြစ်သည်။ အဆိုပါမော်ကွန်းတွင် "ဝင်းရောင်မောက်မောက်၊ တောင်ကိုဖောက်သည်၊ ကျောက်တရထည်၊ ဇာနည်နှလုံး၊ လက်ရုံးလွှသား၊ စစ်ယောက်ျားတွင်"ဆိုပြီး ဖွဲ့ဆိုထားရာ ရဲသွေးရဲမာန်တက်ကြွဖွယ်၊ အံ့သြဖွယ်၊ ကြောက်ရွံ့ဖွယ် စသည်တို့ပေါ်လွင်အောင် ဖွဲ့ဆိုခဲ့သည်။ မဟာဗန္ဓုလနှင့် စစ်သည်တော်များ နေပြည်တော်သို့ အာသံကိုနိုင်၍ ပြန်လည်ရောက်ရှိချိန်တွင် "ရွှေတောင်အမရ၊ ရွှေဝကြက်ယက်၊ စစ်ကိုင်းဘက်လည်း၊ နတ်ထွက်နတ်ယူ၊ မှတ်ယူတက်နှိုင်း၊ နံကိုင်းရွှန်းညီး၊ ဆီမီးမသေ၊ ရှင်ပင်မွေနှင့်၊ အောင်မြေလောက၊ ပုညသီရိ၊ စေတီရွှေဂူ၊ ရှင်ဖြူရှင်မော၊ မုဋ္ဌောစည်းခုံ၊ ထူပါရုံလည်း၊ ဖြာစုံလျှံမြူး၊ တောင်ဦးတောင်ထွတ်၊ ရောင်လွှတ်လျှပ်ခြည်၊ ထိန်ထိန်လည်လျက်"ဆိုပြီး မြင်ကွင်းအခြေအနေကို ရတုဆန်ဆန်ဖွဲ့ဆိုထားသည်။

**မှတ်တမ်းစာပေ**

မော်ကွန်းသည် ပြောရမည်ဆိုလျှင် မှတ်တမ်းစာပေတစ်ရပ်ပင်ဖြစ်သည်။ အာသံနိုင်မော်ကွန်းသည် ဘကြီးတော်နှင့် ဘိုးတော်ဘုရားလက်ထက်တွင် ဖြစ်ပွားသော အာသံ–မြန်မာစစ်ပွဲများအကြောင်းကို ဝက်မစွတ်နဝဒေးက စစ်နိုင်မော်ကွန်းတစ်ရပ်အနေဖြင့် နောင်ဥဒါန်းတွင်ရစ်အောင် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ရန်သူများ ဖမ်းဆီးရရှိမှုကို "သိန်းသင်္ချေကို၊ အသေတချို့၊ တောသို့တောင်ခေါင်း၊ ပုန်းအောင်းပြေးဝင်၊ အရှင်ဖမ်းဆက်၊ လက်နက်ပြောင်းမြောက်၊ မီးပေါက်ခုနစ်ထောင်၊ ရွှေဘုန်းအောင်၍"ဟူ၍လည်းကောင်း၊ စစ်သည်များတက်ကြွစွာစစ်ချီပုံကို "ဘီလူးဘုတ်မြိုက်၊ ဒက္ခယိုက်သို့၊ မာန်ခိုက်ဝှန်ပြင်း၊ ကိုယ်ချင်းလက်ရုံး၊ ပခုံးဦးဆီ၊ မပြိုမပြီ၊ အပြိုင်ညီလျက်"ဟူ၍လည်းကောင်း စစ်ချီစစ်တက်စစ်တိုက်ရာတွင် မြန်မာတို့၏ ဇာတိမာန်ဇာတိသွေး ဖြိုးကြွယ်စွာဖြင့် တိုက်ခိုက်အောင်ပွဲဆင်ခဲ့ပုံကို ရေးဖွဲ့ခဲ့လေသည်။ ဤသို့အမျိုးဂုဏ်ရောင်ထွန်းလင်းပြောင်၍ တိုက်ပွဲများတွင် အနိုင်ရရှိပုံတို့ကို ယခုတစ်ဖန်တွင်လည်း နောင်ချိုနိုင်မော်ကွန်းကအစချီ၍ မှတ်တမ်းပြုရမည့်အချိန်ဟုဆိုလျှင် မှားမည်မထင်ပါ။ မြန်မာစစ်သည်တို့၏ ဇာတိမာန်ဇာတိသွေးသည် ယခင်ကလည်း မအေးခဲ့သလို ယခုလည်း နွေးထွေးတောက်ပြောင်နေဆဲကို သမိုင်းမော်ကွန်းအသစ်များ ရေးထိုးရပေဦးတော့မည်။

**ကိုးကား**

၁။ ဒေါက်တာလှဘေ၏ မြန်မာစာပေညွှန့်ခံစာတမ်း

၂။ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း

၃။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၉)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၂၉၁၁ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၂၉၁၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅၈၄ ဧကနှင့် ဖူးစားပြောင်း ၁၉၃၂၇ ဧက စုစုပေါင်း ၂၂၉၁၁ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၂၉၁၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ပြောင်းသီးနှံတွေအောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်သွားမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကိုအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း လယ်ကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း လယ်ကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်း ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း လယ်ကဏန်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်တယ်။ လယ်ကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ဩဂုတ်လအတွင်း လယ်ကဏန်း ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေ အဆင်ပြေလာပါတယ်" ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ကဏန်းအပါအဝင် ရေထွက်ကုန်များ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချခဲ့သည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပန်းတိုင်ဆီ လျှောက်လှမ်းစို့

\- ပန်းတိုင်ဆီ ရောက်ကြဖို့
လျှောက်ကြစို့ တို့လူငယ်၊
ဖွဲ့သတ္တိကို ရင်မှာထား
နိုးကြားကြကွယ်၊
အခက်အခဲ ဖြတ်ကျော်မယ်
ရှေ့သို့ရယ် ခရီးဆက်၊
စိတ်သန္တာန်မှာ တန်ခိုးထွား
ကြိုးစားသွက်လက်။

\- ပညာတွေ သင်ယူလျက်
ဘဝအတွက် ရှင်သန်လေ၊
ဖြစ်ချင်ရာ ဖြစ်အောင်လုပ်
အားထုတ်သင့်ပေ၊
ရည်မှန်းထား ပန်းတိုင်အခြေ
လှမ်းနိုင်စေ လူငယ်များ၊
ပျော်ရွှင်စွာ စိတ်မညစ်နဲ့ကွယ်
ထုဆစ်လှုပ်ရှား။

\- ဆိုးကောင်းထွေ သတိတရားနဲ့
ဝေဖန်ပိုင်းခြား ထာဝစဉ်၊
စိတ်ဓာတ်တွေ အောက်မကျ
တောက်ပကြည်လင်၊
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
လူ့ဘဝတွင် လျှောက်လှမ်းရင်း၊
ကိုယ့်နာမည် ဂုဏ်သတင်းကို
ထုံသင်းစေမင်း။ ။

**လမင်းခန့်(ပညာရေး)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဂုမ္ဘီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁**


ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုမ္ဘီကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဂုမ္ဘီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# နိုင်ငံတကာ သတင်းများ



## တရုတ်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစတင်

**တီယန်ကျင်း စက်တင်ဘာ ၁**

တရုတ်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့သည် ဩဂုတ် ၃၁ ရက်တွင် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဆက်ဆံရေးကို စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အာမေးနီးယားဝန်ကြီးချုပ် နီကိုးလ်ပါရှင်ယန်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် တရုတ်နှင့် အာမေးနီးယားတို့က မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထားရှိမှုကို ကြေညာခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် အာမေးနီးယားတို့အနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အားပေးကူညီ၍ နယ်ပယ်အားလုံး၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အာမေးနီးယား ဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အာမေးနီးယားအပါအဝင် ဗဟိုအာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

အစဉ်အလာအရ ဗဟိုအာရှနိုင်ငံများသည် ရုရှားနိုင်ငံ၏ ဩဇာသက်ရောက်မှုအောက်၌ရှိခဲ့သော နိုင်ငံများဖြစ်ကြသည်။

အာမေးနီးယား ဝန်ကြီးချုပ် နီကိုးလ်ပါရှင်ယန်သည် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအိုထိပ်သီးညီလာခံတက်ရောက်ရေးအတွက် တီယန်ကျင်းမြို့သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ဒေလီ စက်တင်ဘာ ၁**

ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့အနေဖြင့် ဆိုးရွားသည့်အခြေအနေများကို အတူယှဉ်တွဲရပ်တည်ခဲ့ကြကြောင်း အိန္ဒိယဝန်ကြီးချုပ်က ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အလားတူ ရုရှားနှင့် အိန္ဒိယတို့အနေဖြင့် နှစ်နိုင်ငံကြား အထူးဆက်ဆံရေးကို နှစ်ပေါင်းများစွာ ထိန်းထားနိုင်ခဲ့ရာ ရုရှားနှင့်အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်၌ ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့ကြောင်း ရုရှားသမ္မတပူတင်ကလည်း ယနေ့ဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်သည် အိန္ဒိယဝန်ကြီးချုပ်မိုဒီကို ရုရှားဘာသာစကားဖြင့် မိတ်ဆွေဝန်ကြီးချုပ်ဟူ၍ နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ရုရှားနိုင်ငံ၏ ရေနံစိမ်းများကို အများဆုံးဝယ်ယူနေသည့် နိုင်ငံများဖြစ်ကြသည်။

အမေရိကန်အစိုးရအဖွဲ့သည် ရုရှားရေနံများ အိန္ဒိယဝယ်ယူမှုကို အပြစ်ပေးသည့်အနေဖြင့် အိန္ဒိယထုတ်ကုန်များအပေါ် ၅၀ ရာခိုင်နှုန်း ထိအခွန်စည်းကြပ်ထားရာ အိန္ဒိယနှင့် အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ဒုံးကျည်တည်ဆောက်ရေး စက်ရုံကိုစစ်ဆေး

**ပြုံယမ်း စက်တင်ဘာ ၁**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ဩဂုတ် ၃၁ ရက်တွင် ဒုံးကျည်တည်ဆောက်ထုတ်လုပ်မှုစက်ရုံသစ်တစ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တရုတ်နိုင်ငံသို့ မသွားရောက်မီ ဒုံးကျည်တည်ဆောက်ထုတ်လုပ်မှု စက်ရုံသစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်တည်ဆောက်ထုတ်လုပ်နိုင်စွမ်းကို ထုတ်ဖော်ပြသရေးအတွက် ယင်းစက်ရုံသို့ ကင်ဂျုံအန်သွားရောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားအစိုးရ တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ၎င်း၏ နျူကလီးယားလက်နက်အစီအစဉ်များနှင့် ဒုံးကျည်အစီအစဉ်များအတွက် နိုင်ငံတကာ အရေးယူ ပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲ တက်ရောက်ရေးအတွက် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်။

စက်တင်ဘာ ၃ ရက်တွင် ပေကျင်းမြို့၌ကျင်းပမည့် အဆိုပါ စစ်ရေးပြချီတက်ပွဲသို့ ကင်ဂျုံအန်၏အဓိကမဟာမိတ်ဖြစ်သည့် ရုရှားသမ္မတပူတင်လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာကမ်းမြောင်ကူညီရေးသင်္ဘောအုပ်စု စပိန်နိုင်ငံ ဘာစီလိုနာမှ စတင်ထွက်ခွာ

**ဘာစီလိုနာ စက်တင်ဘာ ၁**

စားနပ်ရိက္ခာနှင့် အကူအညီများ သယ်ဆောင်ထားသော ရေယာဉ်အုပ်စုတစ်စုသည် စပိန်နိုင်ငံ ဘာစီလိုနာမြို့မှ ဂါဇာကမ်းမြောင်ဒေသသို့ ဩဂုတ် ၃၁ ရက်တွင် စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောအုပ်စုနှင့်အတူ ရာသီဥတုပြောင်းလဲမှု ပြဿနာ တက်ကြွလှုပ်ရှားသူ နော်ဝေအမျိုးသမီးငယ် ဂရီတာသွန်းဘာ့ဂ် အပါအဝင် ပါလက်စတိုင်းလိုလားသူများလိုက်ပါသွားသည်။

ယင်း ရေယာဉ်အုပ်စုသည် အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသကို ပြုလုပ်ထားသည့် ရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်ရန် ကြိုးစားမည်ဖြစ်သည်။

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသကို ပြုလုပ်ထားသည့် ရေကြောင်းပိတ်ဆို့မှုများအား ချိုးဖောက်ရန် ကြိုးပမ်းမှုများကို ဟားမတ်စ်အုပ်စုအပေါ် ထောက်ခံကြောင်း ပြသနေသည့် ဝါဒဖြန့်မှုများအဖြစ် အစ္စရေးအစိုးရက ဝေဖန်ထားသည်။

ယခုနှစ် ဇွန်လကလည်း ဆွီဒင်တက်ကြွ လှုပ်ရှားသူတစ်ဦး ဦးဆောင်သည့် တက်ကြွလှုပ်ရှားသူများသည် အစ္စရေး၏ ဂါဇာကမ်းမြောင် ရေကြောင်းပိတ်ဆို့မှုကိုချိုးဖောက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင် ဒေသတွင်းသို့ လက်နက်များ ဝင်ရောက်မှုကို တားဆီးရေးအကြောင်းပြချက်ဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ဂါဇာကမ်းမြောင် ဒေသကို ရေကြောင်းပိတ်ဆို့မှု စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## လူပေါင်းရှစ်ဦးလိုက်ပါသွားသည့် ရဟတ်ယာဉ် အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း၌ ပျောက်ဆုံး

**ဂျကာတာ စက်တင်ဘာ ၁**

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း၌ လူပေါင်းရှစ်ဦးလိုက်ပါသွားသည့် ရဟတ်ယာဉ်တစ်စင်း ယနေ့တွင် ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် တောင်ဘော်နီယိုပြည်နယ် မင်တီဝီဒေသ၌ ပျောက်ဆုံးနေခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသည့် ရဟတ်ယာဉ်ကို ရှာဖွေကယ်ဆယ်ရေး သမားများက ရှာဖွေနေပြီဖြစ်ကြောင်း အင်ဒိုနီးရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါရဟတ်ယာဉ်ပေါ်တွင် ခရီးသည်ခြောက်ဦးနှင့် ရဟတ်ယာဉ်မှူးနှစ်ဦး လိုက်ပါသွားသည်။

ပျောက်ဆုံးနေသည့် ရဟတ်ယာဉ်ကို အင်ဒိုနီးရှားပြည်တွင်း လေကြောင်းကုမ္ပဏီ တစ်ခုဖြစ်သော အိစ်တင်းဒိုးအဲကုမ္ပဏီက ပိုင်ဆိုင်ကြောင်း သိရသည်။

ယင်းရဟတ်ယာဉ်သည် ပျံတက်ခဲ့ပြီး မကြာမီမှာပင် မြေပြင်နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း အိစ်တင်းဒိုးအဲ လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဖက်ဒရယ်လေကြောင်း ပျံသန်းရေးအေဂျင်စီ၏ ခွင့်ပြုချက်ကို Firefly Aerospace ကုမ္ပဏီ ရရှိထား




**ဝါရှင်တန် စက်တင်ဘာ ၁**

အယ်လ်ဖာဒုံးပျံများ လွှတ်တင်မှုကို ပြန်လည်စတင်ရေးအတွက် ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီ၏ ခွင့်ပြုချက်ကို Firefly Aerospace ကုမ္ပဏီက ရရှိထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

Firefly Aerospace ကုမ္ပဏီသည် ယခုနှစ် ဧပြီလအတွင်း အယ်လ်ဖာဒုံးပျံကို ခြောက်ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ရာအောင်မြင်မှုမရှိခဲ့ပေ။

အဆိုပါ မစ်ရှင်အတွင်း အယ်လ်ဖာ-၃ ဒုံးပျံသည် လွှတ်တင်ပြီး မကြာမီမှာပင် ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့ရပြီး လော့စ်ဟိမာတင်ကုမ္ပဏီ၏ဂြိုဟ်တုတစ်စင်း ဆုံးရှုံးခဲ့ရသည်။

သို့ဖြစ်ရာ Firefly Aerospace ကုမ္ပဏီသည် ဖက်ဒရယ်လေကြောင်း ပျံသန်းရေးအေဂျင်စီနှင့် ပူပေါင်း၍ အယ်လ်ဖာဒုံးပျံနှင့်ဆိုင်ခဲ့ရသည့် ပြဿနာများကို စုံစမ်းစစ်ဆေးခဲ့ရသည်။

လက်ရှိအချိန်တွင် အယ်လ်ဖာဒုံးပျံများကို ပြန်လည်လွှတ်တင်ရေးအတွက်ဖက်ဒရယ်လေကြောင်းပျံသန်းရေး အေဂျင်စီ၏ခွင့်ပြုချက်ကို ရရှိထားပြီဖြစ်ကြောင်း Firefly Aerospace ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Firefly Aerospace ကုမ္ပဏီသည် ၂၀၂၁ ခုနှစ်မှစ၍ အယ်လ်ဖာဒုံးပျံများကို ခြောက်ကြိမ်လွှတ်တင်ခဲ့ရာ လေးကြိမ်မှာအောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**


## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က သက်နုကြယ်တစ်စင်းပတ်ပတ်လည်ရှိ ထူးဆန်းသောဓာတ်ငွေ့နှင့်ဖုန်မှုန့်ချက်ဝန်းလွှာတစ်ခု ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် သက်နုကြယ်တစ်စင်းပတ်ပတ်လည်ရှိ ထူးဆန်းသောဓာတ်ငွေ့နှင့် ဖုန်မှုန့်ချက်ဝန်းလွှာတစ်ခုကိုရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

XUE-10 အမည်ရှိ သက်နုကြယ်ပတ်ပတ်လည်ရှိ ဓာတ်ငွေ့နှင့်ဖုန်မှုန့် ချပ်ဝန်းလွှာ၏ ဓာတုဖွဲ့စည်းပုံမှာ ထူးဆန်းနေသည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ XUE-10 ကြယ်၏ဂြိုဟ်ဖွဲ့ချပ်ဝန်းလွှာနယ်မြေသည်အခြားဂြိုဟ်ဖွဲ့ ချပ်ဝန်းလွှာနယ်မြေများကဲ့သို့မဟုတ်ဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုအဆင့် မြင့်မားပြီး ရေဓာတ်ပါဝင်မှုနည်းပါးသည်။




XUE-10 ကြယ်သည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၅၅၅၀ အကွာတွင် တည်ရှိသော NGC-6357 အမည်ရှိ ကြယ်များဖွဲ့စည်းဖြစ်ပေါ်နေသည့် နယ်မြေအတွင်း တည်ရှိသည်။

အဆိုပါကြယ်ဖွဲ့နယ်မြေအတွင်းရှိ သက်နုကြယ်အများစု၏ ဓာတ်ငွေ့နှင့် ဖုန်မှုန့်ချပ်ဝန်းလွှာအများစုမှာ ရေဓာတ်ပါဝင်မှုမြင့်မားသည့် ချပ်ဝန်းလွှာနယ်မြေများ ဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် XUE-10 ကြယ်ပတ်ပတ်လည်ရှိ ချပ်ဝန်းလွှာနယ်မြေထဲတွင်မူ ရေဓာတ်မှာရှိသည်ဆိုရုံမျှသာ ရှိနေပြီး ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုမှာ မြင့်မားနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## ကမ္ဘာဦးဒိုင်နိုဆောမိကျောင်းမျိုးစိတ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက အာဂျင်တီးနားနိုင်ငံ ပါတာရိုနီးယားဒေသ၌ တူးဖော်တွေ့ရှိ

**ဗျူနို့စ်အေရိစ် စက်တင်ဘာ ၁**

ကမ္ဘာဦးခေတ်တွင် ရှင်သန်ခဲ့ကြသော ဒိုင်နိုဆောမိကျောင်းမျိုးစိတ် တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက အာဂျင်တီးနားနိုင်ငံ ပါတာရိုနီးယားဒေသ၌ တူးဖော်တွေ့ရှိထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

Kostensuchus Atrox ဟူ၍ အမည်ပေးထားသော အဆိုပါ မိကျောင်းသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၇၀ ခန့်ကာလ ခရီတေးစီးယပ်စ် ဘူမိခေတ်အတွင်း ယနေ့ခေတ် အာဂျင်တီးနားနိုင်ငံ နေရာ၌ ရှင်သန်ကျက်စားခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း အာဂျင်တီးနား သိပ္ပံပညာရှင်များက ပြောကြားသည်။

Kostensuchus Atrox မိကျောင်းများသည် Peirosaurs ခေါ် မိကျောင်းမျိုးစုတွင် ပါဝင်သော မိကျောင်းများဖြစ်ကြကြောင်း သိရသည်။

Peirosaurs ကမ္ဘာဦးဒိုင်နိုဆောမိကျောင်းများသည် ခရီတေးစီးယပ်စ်ဘူမိခေတ်အတွင်း တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့၌ ရှင်သန်ကျက်စားခဲ့ကြသော မိကျောင်းများ ဖြစ်ကြသည်။

အာဂျင်တီးနား သိပ္ပံပညာရှင်များသည် Kostensuchus Atrox မိကျောင်းဦးခေါင်းခွံနှင့် မေးရိုးအပါအဝင် ရုပ်ကြွင်းအများစုကို တူးဖော် တွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

Kostensuchus Atrox မိကျောင်း၏ဦးခေါင်းခွံမှာ အလျားလက်မ ၂၀ ခန့်ထိရှိပြီး နှစ်လက်မကျော် ရှည်လျားသည့် သွားအချောင်းရေ ၅၀ ကျော် ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အရက်နှင့်ဆက်စပ်သည့်အသည်းရောဂါများကြောင့် ဆုံးပါးနိုင်ခြေကို အစာကောင်းစွာစားခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် လျှော့ချနိုင်

**နယူးယောက် စက်တင်ဘာ ၁**

အစာကောင်းစွာစားခြင်း၊ လေ့ကျင့်ခန်း ပြုလုပ်ခြင်းများဖြင့် အရက်သောက်သုံးမှုနှင့်သက်ဆိုင်သည့် အသည်းရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကိုလျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အင်ဒီယာနာ တက္ကသိုလ် ဆေးကျောင်းမှ သုတေသနပညာရှင်များ၏ အရွယ်ရောက်သူ ၆၀၀၀၀ တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးမှုနှင့် လေ့ကျင့်ခန်းပြုလုပ်မှုတို့ဖြင့် အရက်သောက်သုံးမှုနှင့် ဆက်စပ်နေသော ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးမှုနှင့် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှုတို့သည် အရက်သောက်သုံးမှုနှင့် ဆက်စပ်နေသည့် အသည်းရောဂါများကြောင့် သေဆုံးနိုင်ခြေ မြင့်မားဆုံးသူများအတွက်ပင် အကျိုးကျေးဇူးရှိကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အရက်ကို တစ်ကြိမ်သောက်လျှင် ငါးခွက်ထိပုံမှန်သောက်သုံးသူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးပါက အရက်နှင့်ဆက်စပ်နေသော အသည်းရောဂါကြောင့် သေဆုံးနိုင်ခြေကို ၈၄ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးပြဿနာရှိနေသူများ၌ အယ်ဇိုင်းမားဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် စက်တင်ဘာ ၁**

အယ်ဇိုင်းမားနှင့်ပါကင်ဆန်ကဲ့သို့ အာရုံနှာဗ်ဆဲလ်ပြိုကွဲမှုရောဂါများကို စစ်ဆေးဖော်ထုတ်ရာတွင် အဓိကသော့ချက်မှာ ဦးနှောက်တွင်မရှိဘဲ အစာခြေလမ်းကြောင်းစနစ်တွင် ရှိနေနိုင်ကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ဗီတာမင်ချို့တဲ့မှုနှင့် အူမကြီးရောင်ရမ်းမှုကဲ့သို့ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာရှိနေသူများ၌ အယ်ဇိုင်းမားရောဂါနှင့် ပါကင်ဆန်ရောဂါများ ဖြစ်နိုင်ခြေမြင့်မားနေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အစာခြေလမ်းကြောင်း စနစ်နှင့်ဆက်စပ်နေသော ဆဲလ်များ ဇီဝဓာတုဖောက်ပြန်မှုပြဿနာနှင့် ဆက်စပ်နေသော ကျန်းမာရေးပြဿနာ ၁၅၅ မျိုးကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာရှိနေသူများ၌ အသက်ရလာချိန်တွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ကို တွေ့ရသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



**နိုင်ငံတကာ အားကစားသတင်းများ**

## ပရီးမီးယားလိဂ် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အစ်ဆက်ခ်ကို လီဗာပူးအသင်းခေါ်ယူနိုင်ခဲ့

**လန်ဒန် စက်တင်ဘာ ၁**

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး အစ်ဆက်ခ်ကို အပြောင်းအရွှေ့ မပိတ်သိမ်းမီ နောက်ဆုံးအချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂၅ သန်းဖြင့် ပရီးမီးယားလိဂ် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့သည်။

အသင်းအနေဖြင့် အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အစ်ဆက်ခ်ကို ခေါ်ယူရန်အတွက် နွေရာသီ အပြောင်းအရွှေ့ကာလ မစတင်ကတည်းက စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချခဲ့ပြီးနောက် ကစားသမားအနေဖြင့် အသင်းနှင့် တစ်လကျော်ကြာ ပူးပေါင်းခဲ့ခြင်း မရှိသောကြောင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခု အပြောင်းအရွှေ့ ကာလအတွင်း အသင်းဖော်ကစားသမား ဖလိုရီယန်ဝစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၆ သန်းဖြင့် စံချိန်တင် ခေါ်ယူထားသော်လည်း အစ်ဆက်ခ်၏ အပြောင်းအရွှေ့အတွက် စတာလင်ပေါင် ၁၂၅ သန်းထိ အသုံးပြုခဲ့ရသောကြောင့် အင်္ဂလန် ကလပ်အသင်းများက ခေါ်ယူခဲ့သည့် ကစားသမားများထဲတွင် ပြောင်းရွှေ့ကြေး အများဆုံးဖြစ်ခဲ့ပြီး အစ်ဆက်ခ်အနေဖြင့် အသင်းနှင့် ဆေးစစ်မှုခံယူလျက်ရှိသည်။

လက်ရှိ ပရီးမီးယားလိဂ် ထိပ်သီးကလပ်အသင်းများထဲတွင် ပြောင်းရွှေ့ကြေး အများဆုံးဖြင့် ခေါ်ယူခဲ့သည့် ကစားသမားများမှာ လီဗာပူးအသင်းက ခေါ်ယူခဲ့သည့် အစ်ဆက်ခ်က စတာလင်ပေါင် ၁၂၅ သန်းဖြင့် ပထမ၊ ဖလိုရီယန်ဝစ်က စတာလင်ပေါင် ၁၁၆ သန်းဖြင့် ဒုတိယ၊ ချဲလ်ဆီးအသင်းမှ အန်ဇိုဖာနန်ဒက်စ်က စတာလင်ပေါင် ၁၀၆ ဒသမ ၄ သန်းဖြင့် တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Espn

Trs : ML




## အားကစားသတင်းအတိုအထွာများ

- လေဗာကူဆင်အသင်းက ဝါဒါဘရီမင်အသင်းနှင့် ပွဲစဉ်တွင် တစ်ယောက်အသာ သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရနေသော်လည်း ပွဲပြီးဆုံးချိန်တွင် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ နှစ်ပွဲဆက်တွင် နိုင်ပွဲပျောက်ဆုံးခဲ့သည့် နည်းပြတန်ဟက်ကို ရာထူးမှထုတ်ပယ်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ဂျက်ဆန်၏ အငှားစာချုပ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၁၄ ဒသမ ၅ သန်းထိ တိုးမြှင့်ပေးခဲ့သည့်အပြင် စာချုပ်ကုန်ဆုံးချိန်တွင် စတာလင်ပေါင် ၇၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူမည်ဖြစ်သောကြောင့် ချဲလ်ဆီးအသင်းက သဘောတူခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ပဲလေ့စ်အသင်း ခံစစ်ကစားသမား ဂူဟီကို အပြောင်းအရွှေ့မပိတ်သိမ်းမီ စတာလင်ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရခဲ့သောကြောင့် ကစားသမားအနေဖြင့် ဆေးစစ်မှုပြုလုပ်နေပြီး ဆေးအောင်ပါက ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

ML

## ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒုတိယအသက်ကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ဂျိမ်းမင်နာ မှတ်တမ်းဝင်




**လန်ဒန် စက်တင်ဘာ ၁**

ပရီးမီးယားလိဂ် ပွဲစဉ်(၃)အဖြစ် ဘရိုက်တန်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဘရိုက်တန်အသင်းအတွက် ပင်နယ်တီမှ ချေပဂိုး သွင်းယူနိုင်ခဲ့သည့် ဂျိမ်းမင်နာသည် ဂိုးသွင်းယူချိန်တွင် အသက် ၃၉ နှစ် ၂၃၉ ရက်ဖြင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယမြောက် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သောကြောင့် ပထမပိုင်းပွဲကစားချိန် ၃၄ မိနစ်အရောက်တွင် ဟာလန်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဘရိုက်တန်အသင်းက ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ပြန်လည်တုံ့ပြန်နိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၆၀ တွင် ဂျိမ်းမင်နာက ဘာလီဘာအစား ဝင်ရောက်ကစားခဲ့ကာ ပွဲကစားချိန် ၆၇ မိနစ်တွင် ပင်နယ်တီ အခွင့်အရေးကို ဂျိမ်းမင်နာက ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်တွင် ဒုတိယမြောက် အသက်ကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်။

ထို့နောက်မန်စီးတီးအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် တိုက်စစ်ဆင်ခဲ့သော်လည်း ဘရိုက်တန်အသင်းက တန်ပြန်တိုက်စစ်မှ ပွဲချိန် ၈၉ မိနစ်တွင် ဦးဆောင်ဂိုး ရခဲ့ပြီး နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတစ်လျှောက်တွင် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားမှာ ဝက်စ်ဟမ်းအသင်းကစားသမားဟောင်း ရှက်ရင်ဂမ်က အသက် ၄၀ နှစ် ၂၆၈ ရက်ဖြင့် ပထမ၊ ဂျိမ်းမင်နာက အသက် ၃၉ နှစ် ၂၃၉ ရက်ဖြင့် ဒုတိယ၊ ဝင်းဒက်စ်က ၃၉ နှစ် ၂၃၅ ရက်ဖြင့် တတိယ၊ သီယာဂိုဆေးဗားက အသက် ၃၉ နှစ် ၁၉၈ ရက်ဖြင့် စတုတ္ထ၊ အက်ရှ်လေယန်းက အသက် ၃၉ နှစ် ၁၄၈ ရက်ဖြင့် ပဉ္စမနေရာတွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : SI

Trs : ML

## ချဲလ်ဆီးအသင်းက ဆန်းဒါးလန်းအသင်းသို့ အငှားစေလွှတ်ထားသည့် ဂူယူကို ပြန်လည်ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၁**

ချဲလ်ဆီးအသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ ဆန်းဒါးလန်းအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် တိုက်စစ်မှူး ဂူယူကို အသင်းသို့ ပြန်လည် ခေါ်ယူခဲ့သည်။

ပြီးခဲ့သည့် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် အသင်းတိုက်စစ်ပိုင်းမှ ဒီလက်ပ်ကို ဒဏ်ရာကြောင့် ကာလရှည်လက်လွှတ်ခဲ့ရသည့် ချဲလ်ဆီးအသင်းက မကြာမီကာလအတွင်း အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် တိုက်စစ်မှူး ဂျက်ဆင်ကို ဘိုင်ယန်မြူးနစ်အသင်းမှ ပြန်လည်ခေါ်ယူခဲ့သည့်အပြင် ဆန်းဒါးလန်းအသင်းသို့ အငှားစေလွှတ်ထားသည့် တိုက်စစ်မှူး ဂူယူကိုလည်း ပြန်လည်ခေါ်ယူရန် ဆန်းဒါးလန်းအသင်းနှင့် သဘောတူညီမှု ရရှိခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသက် ၁၉ နှစ်ရှိ တိုက်စစ်မှူး ဂူယူကို အသင်းတွင် ပုံမှန်ပွဲကစားခွင့်မပေးနိုင်သောကြောင့် ဆန်းဒါးလန်းအသင်းသို့ ဩဂုတ်လ စတင်ချိန်ကတည်းက အငှားစေလွှတ်ခဲ့သော်လည်း ဒီလက်ပ်အနေဖြင့် တံကောက်ကြောဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ပြီးနောက် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ဂူယူကို အသင်းသို့ ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မာရက်စ်ကာအနေဖြင့် ဂျက်ဆန်ကိုပြန်လည်ခေါ်ယူခဲ့သည့်အတွက် ဂျက်ဆန်၏ အေးဂျင့်ဖြစ်သူက ချဲလ်ဆီးအသင်းကို ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ပြီး လက်ရှိ ချဲလ်ဆီးအသင်းတိုက်စစ်ပိုင်းတွင် ဂျက်ဆန်၊ ဂူယူ၊ ဂျာအိုပက်ထရိုနှင့် ဂျော့ဂျီတို့ရှိနေကာ အသင်းတိုက်စစ်ပိုင်းအတွက် ကစားသမား လုံလောက်မှုရှိသော်လည်း အပြောင်းအရွှေ့ကာလ ပိတ်သိမ်းချိန်ထိ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Football Transfers

Trs : ML

## FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မီရန်ဒါဝမ် ဆွတ်ခူး

**မက်ဆာချူးဆက် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်တွင် ကျင်းပနေသည့် FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တရုတ်ဂေါက်သီးရိုက်မယ် မီရန်ဒါဝမ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး တောင်ကိုရီးယားဂေါက်သီးရိုက်မယ်ကင်ဖ်စီယန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင်ရပ်တည်နိုင်ခဲ့သည်။

မီရန်ဒါဝမ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးသောဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ပရော်ဖက်ရှင်နယ်လောကသို့ ဝင်ရောက်လာပြီး ပွဲဦးထွက်ရာသီတွင် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ်အား ကျော်ဖြတ်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၎င်းအတွက် အမှတ်တရဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့သည်။




မီရန်ဒါဝမ်က "ကျွန်မရဲ့ အိပ်မက်တွေ အမှန်တစ်ကယ်ဖြစ်လာခဲ့ပြီ။ ဂေါက်သီးရိုက်အားကစားကို စတင်လေ့ကျင့်ခဲ့စဉ်ကတည်းက ကျွန်မရဲ့စိတ်ကူးထဲမှာ တစ်နေ့ကျရင် LPGA ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခွင့်ရအောင် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်မအသက် ရှစ်နှစ်အရွယ်ကတည်းက ရုပ်သံလိုင်းတွေကနေ LPGA ဂေါက်သီးရိုက်ပြိုင်ပွဲတွေကို ကြည့်ရှုအားပေးခဲ့တယ်။ အဲဒီအရွယ်ကတည်းက ကျွန်မပြောခဲ့တဲ့ စကားကတော့ ရုပ်သံလိုင်းထဲက ကစားသမားတွေလို ပြိုင်ပွဲဝင်ချင်တယ်။ LPGA ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ချင်တယ်။ အနိုင်လဲ ရချင်တယ်လို့ ကျွန်မရဲ့ မိဘတွေကို ပြောခဲ့ပါတယ်။ အခု အဲဒါတွေ တကယ်ဖြစ်လာခဲ့ပြီ"ဟု ပြောကြားခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် မီရန်ဒါဝမ်သည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၆၁၅၀၀၀ ထိ ခံစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့ ခြင်းလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မား လာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက် လာစေရန်ရည်ရွယ်ပြီး အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံ လေလုံအားကစားရုံ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲ ဖွင့်ပွဲ အခမ်း အနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ မြန်မာ နိုင်ငံအိုလံပစ်ကော်မတီ အထွေ ထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသ ကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယကနှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက် ခဲ့ကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နှုတ်ခွန်းဆက် အမှာစကားပြော ကြားပြီး မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေး မှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ပြိုင်ပွဲကို အမှာ စကားပြောကြား၍ ဖွင့်လှစ်ပေး ခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆို ခဲ့ပြီးနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြိုင်ပွဲဝင်အားကစား သမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး ယနေ့ ယှဉ်ပြိုင်သည့် ပွဲစဉ်များကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ STA

## အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ မဲအိုးသတ်မှတ်ချက်၌ ISPE အသင်း မဲအိုးနံပါတ်(၃)တွင် ကျရောက်

ရန်ကုန် စက်တင်ဘာ ၁

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးနံပါတ် သတ်မှတ်ချက်တွင် မြန်မာနိုင်ငံ ကိုယ်စားပြုကလပ် ISPE အသင်း အနေဖြင့် မဲအိုးနံပါတ်(၃)တွင် ကျရောက်နေကြောင်း သိရသည်။

ISPE အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုး သမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အမျိုး သမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ကစားခဲ့ရခြင်း ဖြစ်သည်။

ISPE အသင်းသည် အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုသုံးပွဲကစားခဲ့ရာ သုံးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အုပ်စုပထမနေရာ ဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲကို လေးသင်းပါ သုံးအုပ်စု ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မဲအိုးနံပါတ်(၁)၌ ဩစတြေးလျ ကလပ် မဲလ်ဘုန်းစီးတီးအသင်း၊ ဂျပန်ကလပ် တိုကျိုဗာဒိုင်အသင်း၊ တောင်ကိုရီးယားကလပ် ဆူဝန် အသင်း၊ မဲအိုးနံပါတ်(၂)တွင် လက်ရှိ ချန်ပီယံ တရုတ်ကလပ် ဝူဟန် အသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်း စီးတီးအသင်း၊ အီရန်ကလပ် ဗနိခါ တွန်အသင်း၊ မဲအိုးနံပါတ်(၃)တွင် ISPE အသင်း၊ စင်ကာပူကလပ် လိုင်းယွန်းစီးတီးအသင်း၊ မဲအိုး နံပါတ်(၄)တွင် မြောက်ကိုရီးယား ကလပ် နာဂိုယိုယမ်းအသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆက် အသင်းနှင့် ဖိလစ်ပိုင်ကလပ် စတယ်လ်လိုင်းယွန်း လာဂူနာ အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

အမျိုးသမီး အာရှချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စုမဲခွဲမှုကို စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ STA




## မန်ယူအသင်းက လိုအပ်ချက်များရှိနေသည့် ဂိုးသမားနေရာအတွက် အေဗီလာအသင်းမှ မာတီနက်ဇ်ကို ခေါ်ယူနိုင်ရန်ကြိုးပမ်း

မန်ချက်စတာ စက်တင်ဘာ ၁

မန်ယူအသင်းက လိုအပ်ချက် များရှိနေသည့် အသင်းဂိုးသမား နေရာအတွက် အေဗီလာအသင်းမှ ဂိုးသမား မာတီနက်ဇ်ကို ခေါ်ယူ နိုင်ရန် ကြိုးပမ်းလျက်ရှိနေသည်။

မန်ယူအသင်းသည် ၂၀၂၃ ခုနှစ် က ဂိုးသမား ဒီဂီယာနှင့် စာချုပ် သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ ပြီးနောက် အင်တာမီလန်အသင်းမှ ဂိုးသမား အိုနာနာကို ခေါ်ယူပြီး အစားထိုးခဲ့ခြင်းဖြစ်သည်။

အိုနာနာအနေဖြင့် မန်ယူ အသင်းတွင် ပထမဆုံး ဘောလုံး ရာသီ၌ပင် လက်စွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း မလိုလား အပ်သည့် အမှားများကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

အလားတူ ဒုတိယဦးစားပေး ဂိုးသမား ဘာဒီယာသည်လည်း ယခုနှစ် ဘောလုံးရာသီတွင် ပွဲစဉ် အချို့ ပါဝင်ကစားခဲ့သော်လည်း လက်စွမ်းပြသနိုင်ခြင်း မရှိသည့် အတွက် မန်ယူအသင်းနည်းပြ အာမိုရင်က ပြီးခဲ့သည့် ဘန်လေ အသင်းနှင့် ပွဲစဉ်အပြီးတွင် ဂိုး သမားနေရာအတွက် လိုအပ်ချက် များရှိနေသည်ဟု ပြောကြားခဲ့ပြီး နောက် မာတီနက်ဇ်ကို ခေါ်ယူရန် အရှိန်မြှင့်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်း က မာတီနက်ဇ်ကို ကနဦးတစ်ရာသီ အငှားစာချုပ်ဖြင့် ကမ်းလှမ်းခဲ့ပြီး မာတီနက်ဇ် ကိုယ်တိုင်ကလည်း ပြောင်းရွှေ့လိုနေသည့် အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိခဲ့သော်လည်း အေဗီလာ အသင်းက ပယ်ချခဲ့သည့်အတွက် လက်ရှိတွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဂျိုကိုဗစ် တက်ရောက်

နယူးယောက် စက်တင်ဘာ ၁

အမေရိကန်နိုင်ငံ နယူးယောက် မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ် တစ်ပွဲအဖြစ် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ် သည် ဂျာမနီတင်းနစ်ကစားသမား ဂျန်လန်နက်နှင့် ယှဉ်ပြိုင်ကစားခဲ့ ရပြီး ဂျိုကိုဗစ်က (၆-၃၊ ၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက်အရွယ်အရ ကြံ့ခိုင်မှုပိုင်း အားနည်းလာသည့် ဂျိုကိုဗစ် အနေဖြင့် ဂျန်လန်နက်ကို အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိခဲ့ ခြင်းဖြစ်ပြီး ချန်ပီယံဆုကို စိန်ခေါ် နိုင်စွမ်းရှိနေကြောင်း ပြသနိုင် ခဲ့သည်။

အတွေ့အကြုံရှိသည့် ပြိုင်ပွဲဝင် နှစ်ဦး အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့သလို ပွဲကစားချိန်မှာ ၁၀၉ မိနစ်ထိကြာမြင့်ခဲ့ပြီး ပရိသတ်များ ကို ဖျော်ဖြေမှုအပြည့်အဝပေးနိုင် ခဲ့သည်။

တင်းနစ် ရာသီတစ်ခု၏ နောက်ဆုံးသော ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ အမျိုးအစားဖြစ်ပြီး ဂရန်းစလန်ဆုဖလားကို ၂၅ ကြိမ် မြောက်ဆွတ်ခူးနိုင်ရန် ပစ်မှတ် ထားနေသော ဂျိုကိုဗစ်အတွက် နောက်ဆုံးသော အခွင့်အရေး ဖြစ်သည်။

ဂျိုကိုဗစ်က “နယူးယောက် ရောက်တိုင်း ချန်ပီယံဖြစ်ဖို့ ရည်မှန်းချက်နဲ့ ယှဉ်ပြိုင်ကစား ခဲ့ပါတယ်။ တင်းနစ်လောကရဲ့ အကောင်းဆုံးစံချိန်တစ်ခုကို ရယူ နိုင်ဖို့လဲ ဆန္ဒရှိနေသလို US Open တင်းနစ်ပြိုင်ပွဲ ဆုဖလားကို ကျွန်တော့်အမျိုးသမီးရဲ့ မွေးနေ့ပွဲ မှာ လက်ဆောင်အဖြစ်ပေးချင် တယ်”ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတား ဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား တေလာ ဖရစ်ဇ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ဖရန်စစ်၏ စိန်ခေါ်မှုကိုလက်ခံရန် အဆင်သင့်ဖြစ်နေကြောင်း ဒီယွန်တေ တုံ့ပြန်

ဝါရှင်တန် စက်တင်ဘာ ၁

MMA၊ ကစ်ဘောက်ဆာနှင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့ လောကတွင် ကျင်လည်နေသည့် ကင်မရွန်း- ပြင်သစ် MMA ကစား သမား ဖရန်စစ်သည် လက်ဝှေ့ ကြိုးဝိုင်းအတွင်း WBC ကမ္ဘာ့ ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း အမေရိကန် လက်ဝှေ့သမား ဒီယွန်တေနှင့် ထိုးသတ်သွားချင် ကြောင်း စိန်ခေါ်ခဲ့သည်။

ဖရန်စစ်၏ စိန်ခေါ်မှုကို ဒီယွန်တေက ကာလတစ်ခုထိ တုံ့ပြန်ခဲ့ခြင်း မရှိခဲ့သော်လည်း ယနေ့တွင် လူမှုကွန်ရက်မှတစ်ဆင့် ဖရန်စစ်၏စိန်ခေါ်မှုကို လက်ခံရန် အဆင်သင့်ဖြစ်နေကြောင်း တုံ့ပြန် ခဲ့သည်။




ဖရန်စစ်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ ချန်ပီယံဟောင်း တိုင်ဆန်ဖျူရီနှင့် ထိုးသတ်ခဲ့ပြီး ယင်းစိန်ခေါ်ပွဲစဉ် တွင် တိုင်ဆန်ဖျူရီကိုလဲကျအောင် ထိုးနိုင်ခဲ့သော်လည်း ဒိုင်အမှတ် ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

၂၀၂၄ ခုနှစ် မတ် ၈ ရက်က လည်း ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ အန်တိုနီဂျို ရှုအာနှင့်ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ် တွင် ဖရန်စစ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒီယွန်တေက “ဖရန်စစ်အပေါ် မှာ လေးစားမှုအပြည့်ရှိပါတယ်။ ဒါပေမဲ့လဲ ကျွန်တော်ဟာ သစ္စာရှိ တဲ့ အားကစားသမားတစ်ယောက် ဖြစ်သလို ကြောက်ရွံ့မှု ဟန်ဆောင် မှုကင်းမဲ့တဲ့ လက်ဝှေ့သမား တစ်ယောက်လဲ ဖြစ်ပါတယ်။ စိန်ခေါ်မှုတိုင်းအတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေသလို ရင်ဆိုင် နိုင်တဲ့အနေအထားမှာလဲ အမြဲ တမ်းရှိနေပါတယ်။ ကြိုးဝိုင်းထဲ ရောက်သွားရင် ကျွန်တော်ပြောခဲ့ တာတွေက အမှန်တစ်ကယ်ဆို တာကို အားလုံးမြင်တွေ့ကြရလိမ့် မှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Ring Magazine

Trs : AZL

# လူငယ်ရင်သွေး စာဖတ်ရေး

မောင်လေပြေ(တောင်တွင်း)

လူငယ်တစ်ဦးချင်းစီ၏ စိတ်ဝင်စားမှု၊ ဝါသနာပါမှု၊ ရွေးချယ်မှုလမ်းကြောင်းများသည် တိုင်းပြည်၏ တိုးတက်မှု၊ အောင်မြင်မှု၊ ကျဆုံးမှုနှင့်ဆင်းရဲချမ်းသာမှုများအပေါ် တိုက်ရိုက်သက်ရောက်နိုင်သည်ထိ လူငယ်များ၏ အခန်းကဏ္ဍမှာ အရေးပါလှသည်။ ထိုကဲ့သို့ အရေးပါလှသည့်လူငယ်များကို လမ်းကြောင်းမှန်၊ ပန်းတိုင်မှန်ရောက်အောင် တည့်မတ်ပေးနိုင်ရန်နှင့် မှန်ကန်သည့်ရွေးချယ်မှုများဖြစ်အောင် လမ်းညွှန်ပေးနိုင်ရန်မှာ မိဘ၊ဆရာများအပြင် နိုင်ငံသားတိုင်းတွင်လည်း တာဝန်ရှိသည်။

မိဘ၊ဆရာများအနေဖြင့် လူငယ်များကို ဝါသနာကောင်းများဖြင့် လမ်းကြောင်းတည့်မတ်ပေးနိုင်ရန် အကောင်းဆုံးသော အထောက်အပံ့ပေးမှုမှာ ပညာသင်ကြားပေးခြင်းနှင့် စာဖတ်ခြင်းအလေ့မွေးမြူပေးခြင်းပင်ဖြစ်သည်။ "လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဖ" ဆိုသည့်စာဆိုအတိုင်း မိဘများသည်သားသမီးများကို အတတ်ပညာသင်စေရုံမျှမက စာဖတ်ခြင်းအလေ့ကို လူမှန်းသိတတ်စအရွယ်ကတည်းကပင် မွေးမြူလေ့ကျင့်ပေးသင့်သည်။ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးလေးများကို ငယ်စဉ်ကပင် စာဖတ်ခြင်းအလေ့အကျင့်ကို မွေးမြူပေးရန် အထူးလိုအပ်သည်။ ထိုမှသာ စာဖတ်ခြင်းတွင် ဝါသနာထုံလာမည်ဖြစ်သည်။

နောက်ပိုင်းတွင် အစာအာဟာရစားသောက်ရန် အချိန်ကျလာသောအခါ အစာအိမ်က ဆာလောင်လာသကဲ့သို့ စာဖတ်ချိန်ရောက်လာတိုင်း ဦးနှောက်က စာအုပ်စာပေများကို ဆာလောင်လာမည်ဖြစ်သည်။ မိဘများကိုယ်တိုင်က သားသမီးများရှေ့တွင် စာအုပ်စာပေများကို တန်ဖိုးထားပြပါမှ သားသမီးများသည်လည်း စာအုပ်စာပေကို ချစ်ရကောင်းမှန်း တန်ဖိုးထားရကောင်းမှန်း သိလာကြမည်ဖြစ်သည်။

စာရေးသူတို့ငယ်စဉ်က စာအုပ်အငှားဆိုင်များတွင် စာအုပ်ငှားသူများဖြင့် စည်ကားခဲ့သည်။ စာအုပ်အငှားဆိုင်ပိုင်ရှင်များကိုလည်း ထိုကာလများဆီက ပတ်ဝန်းကျင်က အတော်လေးအားကျခဲ့ကြသည်။ ဣန္ဒြေရသော အလုပ်၊ ဂုဏ်ရှိသောအလုပ်အဖြစ် အားကျကြခြင်းဖြစ်သည်။ စာပေချစ်ကြသော မိဘများကလည်းသားသမီးများ စာအုပ်ငှားရမ်းဖတ်ရှုခြင်းကို အားပေးခဲ့ကြသည်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အားလပ်ရက်များတွင်သာမက ညအခါနားနေချိန်များတွင်ပင် စာအုပ်ဖတ်ရှုခြင်းဖြင့် အပန်းဖြေခဲ့ကြသည်။

စာရေးသူငယ်စဉ်က မြို့နှင့်အနည်းငယ်ဝေးသော ကျေးလက်တောရွာလေးတွင် နေထိုင်ခဲ့ရသည်။ စာဖတ်လိုလျှင်မြို့ပေါ်သို့ စက်ဘီးနှင့်သွားကာ စာအုပ်ငှားကြရသည်။ စာရေးသူတို့မိသားစုလေးမှာ စာပေဖတ်ရှုခြင်းအလေ့ကို ဝါသနာထုံကြသူများဖြစ်သည်။ အထူးသဖြင့် စာရေးသူ၏ ဖခင်ဖြစ်သည်။ စာရေးသူ၏ ဖခင်ကြီးသည် စာအုပ်၊ စာပေအစုံဖတ်သူဖြစ်သော်လည်း အများအားဖြင့် ဗိနည္တပကာသနီ၊ ဗုဒ္ဓစာပန်းချီ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့အစရှိသော စာအုပ်များအပြင် ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးပီမိုးနင်း၊ ဆရာရန်အောင်၊ ဆရာဒဂုန်ရွှေမျှား၊ ဆရာဒဂုန်နတ်ရှင်၊ ဆရာသုခအစရှိသော စာအုပ်များကို ငှားရမ်းဖတ်ရှုလေ့ရှိသည်။

ဖခင်ကြီးမှာ သူ့အတွက်စာအုပ်ငှားတိုင်း သားသမီးများအတွက်ပါ စာအုပ်ကလေးများ ငှားရမ်းပေးလေ့ရှိသည်။ စာရေးသူတို့အတွက် ငှားပေးသော စာအုပ်များမှာ ဦးစိတ်တိုနှင့်မျောက်ညို၊ သမိန်ပေါသွပ်၊ ရှင်ဂွမ်းဂွိ၊ ဒီလုံး၊ ပြေည့်၊ တေက်ပြား၊ တာဇံ၊ မျောက်နီတာ၊ ဦးကပ်စီး၊ ပြာဂလောင်ပြာလချောင်၊ မြိုင်ရာဇာတွတ်ပီ၊ ဆားပုလင်းနှင်းမောင်၊ ဆားပုလင်းမင်းအောင်အစရှိသော ကာတွန်းနှင့်ရုပ်ပြစာအုပ်လေးများကို ငှားလာပေးလေ့ရှိသည်။ စာအုပ်ငှားရမ်းခမှာ တစ်အုပ်လျှင် တစ်ရက်ငှားရမ်းခ ၂၅ ကျပ်၊ ၃၀ ကျပ်၊ ၅၀ ကျပ်များသာရှိသည်။



ထို့ပြင် လစဉ်ထုတ်စာစောင်လေးများဖြစ်သော ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း၊ တို့ကျောင်းသား၊ မင်္ဂလာမောင်မယ်အစရှိသော ကလေးစာစောင်လေးများကို အစ်ကို၊ အစ်မများက ဝယ်ပေးလေ့ရှိသည်။ ထိုမှတစ်ဆင့် စာဖတ်ကျင့်ရလာသောအခါ ဗုဒ္ဓစာပန်းချီရုပ်ပြများ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်ဝတ္ထုရုပ်ပြများ၊ အောင်မြင်ကျော်ကြားသူများ၏ အတ္ထုပ္ပတ္တိရုပ်ပြများအပြင် ပုံပြင်စာအုပ်များ၊ သုတစွယ်စုံ၊ ရယ်စရာအစရှိသောမဂ္ဂဇင်းစာအုပ်များကိုပါ ငှားရမ်းပေးလာလေ့ရှိသည်။ ထိုနောက်တွင်မှ စာရေးသူတို့စိတ်ကြိုက် ငှားရမ်းဖတ်ရှုစေခဲ့သည်။ တစ်ခါတစ်ရံတွင် ဖခင်ကြီး၏ဘေးတွင် ဝိုင်းဖွဲ့ထိုင်ကာ ဖခင်ကြီးဖတ်ပြသော စာအုပ်များကို နားထောင်ခဲ့ရသည်။

စာသင်ကျောင်းများတွင်လည်း ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းစာအပြင် စာအုပ်စာပေများ ဖတ်ရှုခြင်းအလေ့ကို မွေးမြူပေးသင့်သည်။ ကျောင်းတွင်းစာဖတ်ခန်းများ တစ်နည်းအားဖြင့် ကျောင်းစာကြည့်တိုက်များမှ အနာဂတ်တွင် နိုင်ငံနှင့်လူမျိုးအတွက် အားကိုးအားထားရသော မျိုးဆက်သစ်ပညာရှင်လောင်းလျာများကို မွေးထုတ်ပေးနိုင်သည်။

စာရေးသူ၏ ကျောင်းသားအရွယ်ငယ်ဘဝကို ပြန်လည်အမှတ်ရမိပြန်သည်။ စာရေးသူအထက်တန်းကျောင်းသားအရွယ်က တောင်တွင်းကြီးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာကြီး ဦးခင်မောင်ကြည်ဆိုသော ဆရာကြီးရှိသည်။ ဆရာကြီးသည် အရပ်ရှည်ရှည် အသားဖြူဖြူနှင့် ခံ့ညားသော ဥပဓိရုပ်ရှိသည်။ ဆရာကြီးမှာ မြန်မာစာ ဆရာတစ်ဦးဖြစ်သည်သာမက ရသ(ဂီတ) ပညာလည်းသင်ကြားပေးသည်။ စာပေအထူးလိုက်စားသည့်သူ ဖြစ်သောကြောင့် ဆရာကြီး၏ စာသင်ချိန်တိုင်းတွင် ကျောင်းသား၊ ကျောင်းသူများအတွက် စိတ်ဝင်စားစရာ၊ ပျော်ရွှင်စရာများနှင့်ပြည့်နေတတ်သည်။

ဆရာကြီး၏ မြန်မာစာသင်ကြားချိန်သာမက ရသပညာသင်ကြားချိန်ရောက်တိုင်းလည်း ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာသင်ယူကြရပါသည်။ ဆရာကြီးမှာ အကနည်းပြဆရာဖြစ်သောကြောင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင်ဖြစ်သော စာရေးသူအနေဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်များတွင် ဆရာကြီးနှင့်အတူ ခရီးထွက်ခွင့်များရရှိခဲ့ရုံမက သီချင်းတိုက်လေ့ကျင့်သော အချိန်များတွင်လည်း ဆရာကြီး၏ သင်ပြမှုများကို ခံယူခွင့်ရခဲ့သည်။ ထို့ပြင် ဆရာကြီးသည် ကျောင်းစာကြည့်တိုက်၏ စာကြည့်တိုက်မှူးဖြစ်သောကြောင့် စာကြည့်တိုက်အချိန်များတွင် စာပေဗဟုသုတများစွာကို သင်ယူကြားနာခွင့်ရရှိခဲ့သည်။

ကျောင်း၏ နေ့ထူးနေ့မြတ်အလိုက် စာပေပြိုင်ပွဲများကို စနစ်တကျကျင်းပကာ မြို့နယ်အဆင့်မှသည် အဆင့်ဆင့်ပါဝင်ယှဉ်ပြိုင်နိုင်သည်ထိ ဖြစ်အောင် သင်ကြားပြသပေးသည်။ စာပေပြိုင်ပွဲများတွင် ဆုရရှိသူများကို ကျောင်းတွင်းနံရံကပ်စာစောင်များ ခင်းကျင်းပြသသောအခါများ၌ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးတိုလေးများ ရေးသားကာပါဝင်စေသည်။ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများကိုလည်း နံရံကပ်စာစောင်တွင် ပိုစတာနှင့်ပန်းချီကားချပ်များအပြင် ကဗျာ၊ စာစီစာကုံးနှင့် ဆောင်းပါးသရုပ်ဖော်ပုံများရေးဆွဲကာပါဝင်စေခဲ့သည်။ လက်ရေးလှသော ကျောင်းသား၊ ကျောင်းသူလေးများကို နံရံကပ်စာစောင်တွင် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးတိုလေးများ ဖော်ပြနိုင်ရန်ကူးရေးကာ ပါဝင်ပြသခွင့်ရရှိစေခဲ့သည်။ ဆုရသူများသာမက အလားအလာရှိသော ကျောင်းသား၊ ကျောင်းသူလေးများ၏ လက်ရာများကိုပါ တင်ဆက်ပြသခွင့်ရရှိစေခဲ့သည်။

ဂီတနှင့်အကပညာအနေဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အဆိုပြိုင်ပွဲဝင်၊ အကပြိုင်ပွဲဝင်၊ အရေးပြိုင်ပွဲဝင်၊ အတီးပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူလေးများ ပေါ်ထွက်အောင်စွမ်းဆောင်နိုင်ခဲ့ရုံမက ဆုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ အထိမ်းအမှတ်ပွဲများ၊ စုံညီပွဲတော်များသာမက မြို့နယ်အဆင့်ပွဲများထိပင် ဆရာကြီး၏တပည့်များ ပါဝင်ဖျော်ဖြေနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ပြင်ကျောင်းသား၊ ကျောင်းသူလေးများနှင့်ဖွဲ့စည်းထားသော ကျောင်းဘင်ခရာအဖွဲ့သည်လည်း ကျောင်းအတွက်သာမက မြို့နယ်၏ဖွင့်ပွဲအများစုတွင် ပါဝင်အားဖြည့်ခွင့်ရရှိခဲ့သည်။

ယခုအခါ ဆရာကြီးနှင့်ကျောင်းစာကြည့်တိုက်၏ကျေးဇူးကြောင့် စာဖတ်ခြင်းအလေ့ကို စွဲမြဲ၍ စာပေနှင့်အနုပညာကို ချစ်မြတ်နိုးတန်းဖိုးထားကြသော မျိုးဆက်သစ်များ ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ စာပေတာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်၍ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေကြသည့် စာရေးသူတို့ကဲ့သို့ လူလတ်ပိုင်းအရွယ် မျိုးဆက်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

စာဖတ်ခြင်းအလေ့ကို စွဲမြဲပြီးစာပေကို ချစ်မြတ်နိုးတန်းဖိုးထားကြသော ကျောင်းသား၊ ကျောင်းသူလေးများ၊ လူငယ်မောင်မယ်လေးများ ဖြစ်လာအောင် မိဘများအပြင် ကျောင်းပညာရေးနယ်ပယ်မှ ဆရာ၊ ဆရာမများက လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါက နောင်အနာဂတ်တွင် တိုင်းပြည်အတွက် ထူးချွန်ထက်မြက်သော လူတော်လူကောင်းလေးများ ပေါ်ပေါက်လာမည်ပင်ဖြစ်သည်။

လူငယ်အရွယ်တွင် စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် လူငယ်တို့တွင် ရဲဝံ့စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ အသိဉာဏ်ပညာဆင်ခြင်တုံတရားများဖြင့် ထိန်းချုပ်၍ဖွံ့ဖြိုးတိုးတက်သော လူငယ်များဖြစ်လာမည်ဖြစ်သည်။ လူငယ်မောင်မယ်လေးများသည် အတ္တဟိတ၊ ပရဟိတစိတ်မျှတစွာ မွေးမြူ၍မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိတို့လူ့ဘောင်လောက သာယာလှပအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။

ထို့ပြင် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက " မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။"ဟူ၍လည်း တိုက်တွန်းဆုံးမခဲ့ရာ "အလိမ္မာစာမှာရှိ" ဆိုသည့်အတိုင်းပင်မျိုးဆက်သစ်လူငယ်လေးများ အသိပညာမြင့်မားပြီး ဘဝတွင်စမ်းတဝါးဝါးဖြင့် လမ်းမမှားရအောင် စာအုပ်စာပေများကို တန်ဖိုးထား၍ တိုင်းပြည်နှင့်လူမျိုးကို ချစ်တတ်ကာ မိမိအကျိုး၊ နိုင်ငံ့အကျိုး၊ လောကအကျိုးကို သယ်ပိုးနိုင်မည့်လူတော်လူကောင်းလေးများဖြစ်လာအောင် စာဖတ်ခြင်းအလေ့ကို ငယ်စဉ်ကတည်းကပင် မွေးမြူပေးသင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# N.O.T Film Production က ရိုက်ကူးထုတ်လုပ်သည့် နှောင်ကြိုးဝိုင်းရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၂ ရက်တွင် ရုံတင်ပြသမည်




**ရန်ကုန် စက်တင်ဘာ ၁**

N.O.T Film Production က ရိုက်ကူးထုတ်လုပ်သည့် နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားကို လာမည့် စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါနှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ တေဇလင်းရောင်က ပြောပြ၍ သိရသည်။

အဆိုပါ နှောင်ကြိုးဝိုင်းရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ သီဟစိုးက ရေးသားထားပြီး ဖော်မင်းစိုးက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ သီဟစိုးက N.O.T Film Production အတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"အားလုံးစောင့်မျှော်နေကြတဲ့ နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၂ ရက်မှာ မြန်မာတစ်နိုင်ငံလုံးအနှံ့ ရုံတင်ပြသသွားမှာဖြစ်ပါတယ်။ အချစ်၊ အလွမ်း၊ အက်ရှင်၊ ကြည်နူးဖွယ် ဇာတ်အိမ်တွေကို ပိတ်ကားကျယ်ထက်မှာ အပြည့်အကြည့်ရှုပြီး အရည်အသွေးမြင့် ရုပ်ရှင်ကားတစ်ကားရဲ့ အကောင်းဆုံး၊ အပြောင်မြောက်ဆုံး ရသတွေကို ခံစားနိုင်ဖို့အတွက် နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား ရုံတင်ချိန်မှာ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျာ"ဟု သရုပ်ဆောင် တေဇလင်းရောင်က ပြောပြသည်။

အဆိုပါ နှောင်ကြိုးဝိုင်းရုပ်ရှင်ဇာတ်ကားတွင် သည်းထိတ်ရင်ဖို ဇာတ်ဝင်ခန်းများ၊ ရင်ခုန်စရာကောင်းစေမည့် ကြည်နူးဖွယ် ဇာတ်ဝင်ခန်းများ၊ မထင်ထားသည့် ဇာတ်ကွက်အလှည့်အပြောင်းများကို ကြည့်ရှုရမည်ဖြစ်ကြောင်း သိရသည်။

နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရဲလှိုင်၊ တေဇလင်းရောင်၊ ဖော်ဦး၊ ရဲမာန်၊ ရဲမင်း၊ ဆရာလုံးချော၊ မေမြင့်မိုရ်၊ ရွှန်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Mortal Kombat II ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို ဝါနာဘရားသားနောက်ဆုတ်

**နယူးယောက် စက်တင်ဘာ ၁**

Mortal Kombat II ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို ဝါနာဘရားသားကုမ္ပဏီက ထပ်မံပြင်ဆင်သတ်မှတ်ထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Mortal Kombat II ဇာတ်ကား ရုံတင်ပြသမည့်အချိန်ကို ၂၀၂၆ ခုနှစ် မေ ၁၅ ရက် သို့ နောက်ဆုတ်ထားကြောင်း ဝါနာဘရားသားကုမ္ပဏီက ထုတ်ပြန်ထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် မူလက Mortal Kombat II ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Mortal Kombat II ဇာတ်ကားကို ဒါရိုက်တာ ဆိုင်မွန်မက်ကွစ်က တာဝန်ယူ ရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားကို ၁၉၉၀ ပြည့်နှစ်များအတွင်း ထင်ရှားခဲ့သည့် Mortal Kombat II ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးထားသည်။

Mortal Kombat II ဇာတ်ကားတွင် မင်းသား ကားအာဘင်၊ ဂျို့လောဆန်၊ အာဒယ်လင်းရှုဒေါ့ တို့ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

Ref : Russia Today

Trs : KKO




# တေးသံရှင်ဆုန်သင်းပါရ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၁**

တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲ One Lady Show ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden ဟိုတယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်ထံက သိရသည်။




အဆိုပါ တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲ One Lady Show ကို Inya Lake Garden ဟိုတယ်တွင် လာမည့်စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး တေးသံရှင် ဆုန်သင်းပါရ်၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"ဆုန်သင်းရဲ့ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေမှုကို လာမဲ့ စက်တင်ဘာ ၇ ရက်နေ့မှာ Inya Lake Garden မှာ ကျင်းပပါမယ်။ ဆုန်သင်းရဲ့ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေမှုမို့ အားပေးတဲ့ ဖျော်ဖြေဖို့သီချင်းတွေ တော်တော်များများ ရွေးချယ်ပြီးပါပြီ။ စက်တင်ဘာ ညချမ်းလေးမှာ ချယ်ရီမြို့ သခင်တို့လို ဘယ်ချိန်ပဲ နားထောင်နားထောင် မရိုးနိုင်တဲ့ တေးသီချင်းကောင်း များစွာကို Mercury IX Band နဲ့ တွဲဖက်သီဆိုမှာပါ"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၇ ရက်နေ့တွင် Inya Lake Garden ဟိုတယ်၌ ည ၇ နာရီအချိန်မှစ၍ စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် The Love That Remains ကို အိုက်စလန်တင်သွင်း

**နယူးယောက် စက်တင်ဘာ ၁**

၉၈ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက်The Love That Remains အမည်ရှိ မိသားစုဒရာမာဇာတ်ကားကို အိုက်စလန်နိုင်ငံက တင်သွင်းထားကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

The Love That Remains ဇာတ်ကားသည် နာမည်ကျော် အိုက်စလန်ဒါရိုက်တာ လီနာပယ်မာဆန် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

The Love That Remains ဇာတ်ကားသည်အော်စကာဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာဇာတ်ကားဆုအတွက် အိုက်စလန်က တင်သွင်းခဲ့သည့် ဒါရိုက်တာ ပယ်မာဆန်၏ တတိယမြောက် ဇာတ်ကားဖြစ်သည်။

အိုက်စလန်နိုင်ငံသည် ဒါရိုက်တာ ပယ်မာဆန်ရိုက်ကူးခဲ့သည့် White Day (2020) နှင့်Godland (2024) တို့ကို အော်စကာဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာဇာတ်ကားဆုအတွက် တင်သွင်းခဲ့ဖူးကြောင်း သိရသည်။

၉၈ကြိမ်မြောက် အော်စကာဆုပေးပွဲအကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆု ဆန်ကာတင်ဇာတ်ကားများ စာရင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# ကံခရီးရှည် ရုပ်သံဇာတ်လမ်းတွဲကို Fortune TV၊ HEY Play Application တို့မှ ထုတ်လွှင့်တင်ဆက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁**


ကံခရီးရှည် ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၄ ရက်မှစတင်ကာ Fortune TV နှင့် Hey Play Application တို့မှ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကံခရီးရှည် ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခွန်သာချိုက ပြောပြ၍ သိရသည်။

အဆိုပါ ကံခရီးရှည် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ခွန်သာချိုက ရေးသားထားပြီး ခွန်သာချိုရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခွန်သာချိုကပင် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လူ့ဘဝမှာ ရိုးရှင်းတဲ့အပြုအမူ အယူအဆလေးတွေကို သတိနဲ့ ပြုပြင်လိုက်တာနဲ့ ကိုယ့်ကံဟာ ပြောင်းလဲနိုင်ပါတယ်ဆိုတဲ့ မက်ဆေ့ကို ဒီဇာတ်လမ်းတွဲမှာ ပေးချင်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ လူခြောက်ကလေးရဲ့ မိခင်အဖြစ် သရုပ်ဆောင် ခင်စိုးပိုင်ကို မြင်တွေ့ရမှာဖြစ်ပြီး တစ်ရွာလုံးကို အနာကြီးကူးစက်ရောဂါ ဖြစ်အောင် ပြုလုပ်တဲ့ မိန်းမဆိုးကြီးအဖြစ် သရုပ်ဆောင် နွဲ့နွဲ့စန်းကို ထူးထူးခြားခြားမြင်ရမှာပါ။ ဘယ်လို ထူးဆန်းတဲ့ အကြောင်းအရာတွေကို မြင်ရမလဲဆိုတာတော့ စက်တင်ဘာ ၄ ရက်မှာပြသမဲ့ ကံခရီးရှည်ဇာတ်လမ်းတွဲကို စောင့်မျှော်အားပေးကြပါအုံး"ဟု ဒါရိုက်တာ ခွန်သာချိုက ပြောပြသည်။

ကံခရီးရှည် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ခွန်သာချို၊ ခိုင်နှင်း၊ မင်းသူ၊ ခင်စိုးပိုင်၊ နွဲ့နွဲ့စန်းနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing participates in Shanghai Cooperation Organization-SCO Summit 2025 Plus




Senior General Min Aung Hlaing delivers a speech at the Shanghai Cooperation Organization-SCO Summit 2025 Plus.

**Nay Pyi Taw September 1**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing participated in discussions at the Shanghai Cooperation Organization-SCO Summit 2025 Plus held at Tianjin Meijiang Convention Centre in Tianjin of the People’s Republic of China today.

The Summit was also attended by Chairman of the SCO Summit President of the People’s Republic of China H.E. Mr. Xi Jinping, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, State leaders from SCO member countries, observer countries, dialogue partner countries, and 24 invited countries, United Nations Secretary-General Mr. Antonio Guterres and leaders of international organizations.

In his key address, the Chinese President said that he warmly welcomed distinguished partners who have come to attend the SOC Plus Summit in Tianjin. Today’s Summit theme is: “Promoting sustainable development through the implementation of a comprehensive policy and the maintenance of regional security.” He said he will personally propose and advance the five points of the Global Governance Initiative (GGI). In his greetings he was confident that this summit will be successful and will contribute to the SCO’s development, regional peace and stability, economic growth, and overall prosperity.

Then, the Chair of the Summit, the President of PRC delivered a speech.

The President of Belarus, the President of Iran, the President of Kazakhstan, the President of Kyrgyzstan, the Prime Minister of Pakistan, the President of the Russian Federation, the President of Tajikistan, the President of Uzbekistan, the Secretary-General of the United Nations, the President of Mongolia, the Prime Minister of Vietnam, the President of Azerbaijan, the Prime Minister of Armenia, the Prime Minister of Cambodia, the President of the Lao People’s Democratic Republic, the President of Maldives, the Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, the Prime Minister of Nepal, the President of Turkyie, the Prime Minister of Egypt, the President of Turkmenistan, the Prime Minister of Malaysia, the Representative of Indonesia, the Representative of India also made speeches.

In giving speeches by relevant countries, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered a speech. He said:

First of all, I would like to extend my greetings, Mingalaba to all the State leaders and distinguished guests attending this summit. I also wish to express my gratitude for being invited to participate in the Shanghai Cooperation Organization (SCO) Summit 2025 Plus, and it is a great honour and pleasure for me to have the opportunity to speak at this meeting on behalf of the Republic of the Union of Myanmar, as a dialogue partner of the SCO.

I would like to once again express my special gratitude for the efforts made to ensure the successful organization of today’s Shanghai Cooperation Organization (SCO) Summit 2025 Plus, and for enabling the participation of State leaders from more than 20 countries as well as representatives from international organizations. I extend my sincere thanks to the People’s Republic of China, the SCO Chair for this year, President H.E. Mr. Xi Jinping, and all responsible officials involved.

Since its establishment on 15 June 2001 in Shanghai, the People’s Republic of China, the Shanghai Cooperation Organization (SCO) has served as a forum for regional security. Its membership has included major industrial countries, nations rich in oil and natural gas, countries abundant in aboveground and underground resources, and agriculturally and livestock-productive nations. Currently, some powerful countries have leveraged various political, economic, financial, and military pressures to advance their own interests under the guise of promoting democracy in line with their policies, while taking advantage of situations within other countries. In response to such circumstances, the SCO has evolved into a strategic organization promoting economic integration and cultural exchanges. Today, it serves as a platform for comprehensive cooperation among member states, dialogue partners, and observer countries, enabling coordinated responses to global challenges.

The successful convening of today’s Shanghai Cooperation Organization (SCO) Summit 2025 Plus, with the full participation of State leaders, demonstrates that our Europe-Asia region can realize its aspirations through strong unity, coordinated action, and cooperation. It reflects the need for mutual trust, respect for diverse cultures, equality, and shared development, guided by the principles of the Shanghai Spirit. Under this framework, we must work together to prioritize peace, stability, and prosperity for all.


The principles of the Shanghai Cooperation Organization (SCO), namely non-interference, respect for sovereignty, and equality, align closely with the strong foundation that countries like Myanmar uphold for constructive engagement on the international stage. Myanmar was granted dialogue partner status with the SCO in May 2023 and has actively participated in events organized by the SCO. Myanmar earnestly requests support to become a full member of the SCO and continue its active cooperation.

As an ASEAN member state, Myanmar is an agriculture-based country strategically located in a geopolitically significant region with a favourable tropical climate. This positions Myanmar to advance from agricultural development to agro-based industrial growth, offering significant opportunities for economic cooperation.

The SCO represents nearly 40 percent of the global population and approximately 30 percent of global GDP. It prioritizes enhancing economic cooperation among member states, utilizing resources collectively for energy projects, including oil and natural gas production, as well as food and energy security. Given Myanmar’s abundant natural resources, it aims to strengthen investment and

*See Page 13*

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds discussions with President of Lao People's Democratic Republic H.E. Mr. Thongloun Sisoulith


Senior General Min Aung Hlaing holds discussions with President of Lao People's Democratic Republic H.E. Mr. Thongloun Sisoulith.

**Nay Pyi Taw September 1**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in the People's Republic of China on his working visit, held discussions with President of the Lao People's Democratic Republic H.E. Mr. Thongloun Sisoulith at Renaissance Tianjin Lake hotel in Tianjin at 12 noon local time this afternoon.

First, the President of the LPDR cordially greeted the Senior General and held discussions.

Also present together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, commission members of his entourage, union ministers, the Myanmar ambassador to China and senior military officers and the President of the LPDR was accompanied by officials from the government of the LPDR.

The Senior General and the LPDR President exchanged views on matters related to border stability, promotion of cooperation and friendship between the two governments, further promotion of tourism and trade sectors, cooperation between the two armed forces, support for successfully holding elections in Myanmar, plans to send election observers and enhancing cooperation in other sectors. 100

*From Page 12*

cooperation with SCO member states in agriculture, industry, and energy for mutual economic progress.

In the security domain, the SCO actively combats terrorism, achieving notable success in countering threats from terrorism, separatism, and extremism. It also emphasizes cooperation in modern technologies, such as artificial intelligence (AI) and digital data governance, enabling member states to benefit from technological advancements and collectively address future technology-based threats. Myanmar seeks to contribute to regional security and technological development under the SCO framework.

Myanmar supports Chinese President Xi Jinping's Global Governance Initiative (GGI), comprising five proposals that align with the discussed principles and are practical for addressing global inequalities. Myanmar firmly believes these initiatives will lead to success and expresses its endorsement of President Xi's proposals.

In conclusion, Myanmar welcomes and supports the "SCO Development Strategy for the Next Decade: 2025–2035." It commits to actively engaging in cooperative efforts under the SCO framework, based on mutual friendship, understanding, and respect for shared prosperity.

Myanmar extends its best wishes for the safety, health, and prosperity of all global citizens and nations as well as the Chairman.

Before the meeting, Senior General Min Aung Hlaing held separate discussions with the Malaysian Prime Minister, the Mongolian President, the Nepali Prime Minister, the ASEAN Secretariat, the SCO Secretariat, the Pakistani Prime Minister and leaders from other nations attending the meeting to strengthen bilateral friendship and cooperation. 100

# Over 800 killed, nearly 3,000 injured in eastern Afghanistan earthquake

**Kabul September 1**

At least 812 people have been confirmed dead and 2,817 others injured in a 6.0-magnitude earthquake that struck eastern Afghanistan, Zabihullah Mujahid, spokesman for the Afghan interim government, said on Monday.

Mujahid reported that the majority of the devastation occurred in the Nurgal, Suki, Watapur, and Chapa Dara districts of Kunar province, with 800 confirmed deaths and 2,500 injuries.

In neighboring Nangarhar province, 12 people were killed and 255 were injured, while Laghman province recorded 58 injuries and Nuristan province saw 4 injuries.

The casualty figures are initial estimates and are likely to rise as evaluations progress, the official stated.

The rugged terrain has posed significant challenges for relief teams, but response units from relevant agencies have been deployed to the affected areas to expedite rescue operations and aid delivery to those trapped or in need, Mujahid added.


The earthquake struck the eastern part of Afghanistan at 11:47 p.m. local time on Sunday, with the epicenter located 27 km northeast of Jalalabad, the capital of Nangarhar province, at a depth of eight km.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit Tianjin Port





Senior General Min Aung Hlaing visits Tianjin Port.

**Nay Pyi Taw September 1**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, accompanied members of the entourage, visited Tianjin Port at 10 am local time today.

First, the Senior General and high-level Myanmar delegation left Tengle Hotel in Tianjin in a motorcade and observed urban developments all along the route.

On arrival at the Tianjin Port, the Senior General and party were welcomed by port officials.

The port administrator reported on matters relating to the port, and a port official on salient points of the port, domestic and international freight services of the port, ongoing cross-country trade, port development project, AI applied container terminal-services, activities to ensure a carbon-free port and use of wind power for operations.

Regarding the reports, the Senior General asked for more information.

The Senior General and party observed container terminal services that were operating with AI technology and other port functions.

Then AI-run container trucks of the port displayed the acronym "SCO" of the Shanghai Cooperation Organisation (SCO SUMMIT 2025).

The Senior General and party posed for group documentary photos and exchanged gifts with the port administrator.

The Tianjin Port is the core of the Binhai New Area (BNA)district of Tianjin municipality, the main special economic zone of northern China, and is located near Haihe river on the west bank of Bohai bay in Tianjin municipality. The port is projected to become the main supply and transport facility of northern China. It was inaugurated in October 1952 as a deepwater seaport/river port. It has a total area of 470 square kilometers including 121 square kilometers of land surface and a total of over 217 berths including 140 production berths. The Tianjinport is running its container terminal services through AI technology, and has a depth of 22 meters (77 feet) and can accommodate up to 300,000-ton vessels. It is exporting over 500 million tons of freight and 13 million containers every year,which is more than half of the volume of the entire China. It is providing services for 14 regions and provinces of the country.

100

# Merchants send 65,000 viss of dried chilli to Yangon market in July

**Kyaunggon September 1**

Local traders from Kyaunggon Township of Ayeyawady Region supplied 65,000 viss of dried chilli in July, said Daw San Htay, the owner of agricultural produce trading commodity in Kyaunggon Township.

From Kyaunggon Township, only about 55,000 viss of dried chilli were transported and sold to the Yangon market in June this year. However, in July, the volume increased to about 65,000 viss. The price of dried chilli exported from the area was reported to be K175,000 per 10 viss.

"In the past month, we have transported and sold up to 65,000 viss of dried chilli from Kyaunggon Township to the Yangon market. Local farm products are mainly shipped not only to other towns within the Ayeyarwady Region but also to Yangon. The dried chilli produced in Kyaunggon Township is of good quality, so the market demand is high. At present, the price of dried chilli is up to K175,000 per 10 viss," said Daw San Htay.

The high-quality dried chilli from Kyaunggon Township is being shipped to the Yangon market, creating job opportunities for farmers, labourers, traders, and trading centre owners in the area. Kyaw Kyaw Lin



Chillies put in bags.

# Sagaing Township cultivates over 22,000 acres of rainfed green beans

**Sagaing September 1**

A total of 22,551 acres of green beans have been planted in Sagaing Township during this year rain crops planting season, according to the statistics of the Department of Agriculture for Sagaing Township.

In the 2025-2026 rain crops planting season, 45,194 acres of green beans have been planned to be planted in Sagaing Township, and planting has begun since May this year, and 22,551 acres have been planted so far.

"We are working to ensure that the target acres are met. There is education about expanding green beans cultivation, and there is education about using good and clean varieties for better yields," said U Myo Thant Aung, head of the Department of Agriculture for Sagaing Township.

This year, the Township Agriculture Department is providing green beans cultivation to farmers in Sagaing Township with good and clean varieties that are suitable for the region, proper planting methods, and pest control, awareness on the systematic use of fertilizers and improving yields.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်က ယူကရိန်း၏ Spiderweb စစ်ဆင်ရေးမှ သင်ခန်းစာဖော်ထုတ်ချက်များနှင့်အတူ ဒရုန်းရန်ကာကွယ်ရေးကို အရှိန်မြှင့်တင်




အမေရိကန်လေတပ်သည် ယူကရိန်း၏ (Spiderweb) ပင့်ကူအိမ်စစ်ဆင်ရေးမှ သင်ခန်းစာ ဖော်ထုတ်ချက်များနှင့်အတူ ဒရုန်းရန်ကာကွယ်ရေးကို အရှိန်မြှင့်တင်ရန်ကြိုးပမ်းနေကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစစ်ဆင်ရေးအတွင်း ယူကရိန်း ဒရုန်းအစင်းရေ ၁၀၀ ကျော်သည် ရုရှားပိုင်နက်ထဲသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်ခဲ့ပြီး မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များရှိသည့်နေရာများကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည်။ ယူကရိန်းတာဝန်ရှိသူများ၏ ပြောကြားချက်အရ လေယာဉ် ၄၁ စင်းထိမှန်ကာ အနည်းဆုံး ၁၃ စင်း ပျက်စီးခဲ့သည်။ ဤဖြစ်ရပ်ကို အနောက်အုပ်စု ကာကွယ်ရေးစီမံကိန်းရေးဆွဲသူများက ဘက်မညီ ဒရုန်းစစ်ပွဲ (asymmetric drone warfare)၏ အရေးပါသော သရုပ်ပြသမှုတစ်ခုအဖြစ်သတ်မှတ်ခဲ့သည်။

Spiderweb စစ်ဆင်ရေးသည် ပဋိပက္ခများအတွင်း ဘက်မညီတိုက်ခိုက်မှုများထဲမှတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ယူကရိန်းသည် ရုရှားလေတပ်အခြေစိုက်စခန်းများအနီးရှိ ထရပ်ကားများပေါ်တွင် ဖုံးကွယ်ထားသော ဒရုန်းငယ်ပေါင်း ၁၀၀ ကျော်ကို အသုံးပြုခဲ့ပြီး သမားရိုးကျ ရေဒါကာကွယ်ရေးစနစ်များကို ကျော်လွှားကာ ရုရှားပိုင်နက်ထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။ အဆိုပါ အစုလိုက်အပြုံလိုက် တိုက်ခိုက်မှုကြောင့် ရုရှား၏ တာဝေးပျံ၊ ဗုံးကြဲလေယာဉ်များ အပါအဝင် လေယာဉ်ဒါဇင်နှင့်ချီ၍ ပျက်စီးခဲ့ရသည်။ ဤစစ်ဆင်ရေးတွင် ဈေးနှုန်းသက်သာသောဒရုန်းများက တန်ဖိုးကြီးလက်နက်ပစ္စည်းများအပေါ် မည်သို့အကြီးအကျယ် ထိခိုက်စေနိုင်သည်ကို ထင်ရှားစွာပြသခဲ့ပြီး ကမ္ဘာ့စစ်ရေးအတွေးအမြင်များကို ပြောင်းလဲစေခဲ့သည်။

အမေရိကန်လေတပ် ဒုတိယဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Andrew Gabara က အစုလိုက်အပြုံလိုက် ဒရုန်းတိုက်ခိုက်မှုများကဲ့သို့သော နည်းပညာများသည် တန်ဖိုးမြင့်မားသော စစ်လက်နက်ပစ္စည်းများကိုကာကွယ်ပုံနည်းစနစ်ကို ပြောင်းလဲပစ်နိုင်လိမ့်မည်ဟု သတိပေးခဲ့သည်။

Spiderweb စစ်ဆင်ရေးသည် NATO အတွင်းတွင် အရေးတကြီး ဆွေးနွေးမှုများ ဖြစ်ပေါ်စေခဲ့သည်။ အမေရိကန်ရေတပ်အတွင်းရေးမှူး John Phelen နှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Randy George တို့က ဤစစ်ဆင်ရေးသည် အလှည့်အပြောင်းတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များတွင် ပိုမိုမြှုပ်နှံရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်သည် အမေရိကန်လေတပ်၏ အရေးပါသော လေယာဉ်များကို လေတပ်အခြေစိုက်စခန်းများတွင် ကာကွယ်ရန် တန်ပြန်ဒရုန်းစနစ်များ တိုးချဲ့ချထားခြင်း၊ လေယာဉ်အမိုးအကာများကို အလျင်အမြန်ခိုင်မာအောင် ပြုလုပ်ခြင်းနှင့် ဝယ်ယူမှုပုံစံအသစ်များကို ထည့်သွင်းစဉ်းစားနေကြောင်း သိရသည်။

**U.S. Air Force accelerates counter drone defenses after lessons from Ukraine Spiderweb attack ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့




တရုတ်နိုင်ငံသည် ဂျပန်ကို အောင်ပွဲခံသည့် နှစ် ၈၀ မြောက် စစ်ရေးပြအခမ်းအနားအတွက် အစမ်းလေ့ကျင့်မှုများ ပြုလုပ်နေစဉ်အတွင်း Dong Feng-26 တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (IRBM) အမျိုးအစားသစ်ဖြစ်သည့် DF-26D ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

DF-26 ဒုံးကျည်အုပ်စုသည် ၂၀၁၆ ခုနှစ်ကတည်းက ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုံးကျည်တပ်ဖွဲ့တွင် စတင်အသုံးပြုခဲ့ပြီး နျူကလီးယားရော သမားရိုးကျထိပ်ဖူးများပါ သယ်ဆောင်နိုင်သည့်အတွက် လူသိများရေပန်းစားသည်။ DF-26D သည် အကွာအဝေးကို စွမ်းရည်မပြောင်းလည်းဘဲ ပိုမိုတိကျမှုနှင့် ရှင်သန်ရပ်တည်နိုင်စွမ်း မြင့်မားကောင်းမွန်မှုတို့ကြောင့် အနောက်ပစိဖိတ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် လေယာဉ်တင် သင်္ဘောတိုက်ခိုက်ရေးအုပ်စုများအပေါ် သက်ရောက်မှုများရှိလာနိုင်ဖွယ်ရှိသည်။

DF-26 ဒုံးကျည်ကို တာဝေးစွမ်းဆောင်ရည်အဆင့်မြှင့်တင်ထားမှု ဗားရှင်းအဖြစ် စတင်တီထွင်ခဲ့ခြင်းဖြစ်ပြီး ပထမကျွန်းကွင်းဆက်ဒေသကို ကျော်လွန်၍ မြေပြင်အခြေစိုက် တိုက်ခိုက်နိုင်စွမ်းကို တိုးချဲ့ရန် ရည်ရွယ်ခဲ့သည်။ ဤစနစ်၏ အဓိက ထူးခြားချက်မှာ အစိတ်အပိုင်းများ အစားထိုးနိုင်သော အစိတ်အပိုင်းပုံစံတည်ဆောက်ပုံဖြစ်သည်။ ထိုသို့ တည်ဆောက်ထားခြင်းကြောင့် ဒုံးကျည်ပစ်လွှတ်ရေးအဖွဲ့တစ်ဖွဲ့တည်းဖြင့်ပင် နျူကလီးယားထိပ်ဖူး၊ ပေါက်ကွဲအားပြင်းသည့် သမားရိုးကျထိပ်ဖူး၊ ဖောက်ခွဲရေးခဲယမ်းများ သယ်ဆောင်သည့်ထိပ်ဖူး သို့မဟုတ် အခိုင်အမာပစ်မှတ်များကို ဖောက်ထွင်းတိုက်ခိုက်နိုင်သည့် ထိပ်ဖူးများ အစရှိသဖြင့် ထိပ်ဖူးမျိုးစုံကို မြေပြင်တွင် လိုသလိုလဲလှယ်တပ်ဆင်နိုင်ပြီး ဒုံးကျည်၏ အားမြှင့်ကိရိယာကို ပြောင်းလဲစရာမလိုဘဲ အသုံးပြုနိုင်သည်။

တရုတ်နိုင်ငံသည် နည်းပညာတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် သတ်မှတ်ခံထားရပြီး ၎င်းကို DF-26D တွင် အသုံးချခြင်းသည် တရုတ်နိုင်ငံ၏ ဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကျယ်ပြန့်သော လမ်းကြောင်းများနှင့် ကိုက်ညီနေသည်။ တရားဝင်နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း DF-26D ဒုံးကျည်သည် ဂူအမ်ကျွန်းတွင် ဖြန့်ကြက်ချထားသည့် THAAD၊ Patriot၊ Iron Dome တပ်ခွဲများနှင့် အနာဂတ်တွင် ဖြန့်ကြက်လာနိုင်မည့် အသံထက်မြန်သော ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်စနစ်များ အပါအဝင် အဆင့်ဆင့် ကာကွယ်ရေးစနစ်သစ်များကို ကျော်လွှားရန်ရည်ရွယ်သည်ဟု အမေရိကန်အကဲဖြတ်သုံးသပ်ထားကြသည်။

DF-26D ဒုံးကျည်သစ်မိတ်ဆက်ပြသခြင်းသည် ပစိဖိတ်ဒေသတွင် တိုးတက်ပြောင်းလဲလာနေသော အမေရိကန်နှင့် မဟာမိတ်များ၏ ကာကွယ်ရေးစနစ်များကို တုံ့ပြန်ရန်အတွက် တရုတ်နိုင်ငံက ၎င်း၏ တာဝေးပစ်ဒုံးကျည်တပ်ဖွဲ့များကို မည်သို့ ဆက်လက်အဆင့်မြှင့်တင်နေသည်ကို မီးမောင်းထိုးပြနေသည်။

ဤဒုံးကျည်သည် စစ်အခြေစိုက်စခန်းများနှင့် ရေတပ်အင်အားစုနှစ်ခုစလုံးကို ခြိမ်းခြောက်နိုင်သည့် စွမ်းရည်များကြောင့် အမေရိကန်နှင့် ၎င်း၏ မိတ်ဖက်နိုင်ငံများအတွက် စစ်ဆင်ရေးစီမံကိန်းများကို ရှုပ်ထွေးသွားစေနိုင်သည်။ ၎င်းသည်ရန်သူ၏ တန်ပြန်တိုက်ခိုက်မှုမှ လွတ်မြောက်ရှင်သန်နိုင်ပြီး နေရာရွှေ့ပြောင်း၊ တပ်ဖြန့်နိုင်သော ဒုံးကျည်များကို မတူညီသည့် ထိပ်ဖူးအမျိုးအစားများဖြင့် တပ်ဆင်ကာ တားဆီးနိုင်စွမ်း၊ သမားရိုးကျ တိုက်ခိုက်နိုင်စွမ်း အစရှိသဖြင့် စဉ်ဆက်မပြတ် တိုးတက်လုပ်ဆောင်လာခဲ့သည့် တရုတ်နိုင်ငံ၏ ရေရှည်ကြိုးပမ်း အားထုတ်မှုကို ဖော်ညွှန်းပြသလျက်ရှိသည်။ အဆင့်မြင့် လမ်းညွှန်မှုစနစ်များ၊ လှည့်စားမှုစနစ်များနှင့် ထိပ်ဖူးမျိုးစုံရွေးချယ်တပ်ဆင်နိုင်မှု သို့မဟုတ် အသံထက်မြန်သော ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်များတို့ကို ပေါင်းထည့်နိုင်ခြင်းဖြင့် DF-26D ဒုံးကျည်သည် ဂူအမ်ကျွန်းနှင့် ပင်လယ်ပြင်ရှိ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်များအပေါ်ယုံကြည်မှုကို လျော့နည်းစေရန် တိုက်စွမ်းအားပိုင်ဆိုင်ထားကြောင်း သိရသည်။

**China further menaces US carrier strike groups in the Pacific with new DF-26D "Guam Killer" ballistic missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation–SCO SUMMIT 2025 Plus)၌ ပါဝင်တက်ရောက်ဆွေးနွေးစဉ်။

ရှေ့ဖုံးမှအဆက်

(Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်း အဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ SCO ထိပ်သီးအစည်းအဝေး သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံ များ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံ များနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတက အဖွင့်အမှာ စကားပြောကြားရာတွင် လေးစားအပ်ပါ သော လုပ်ဖော်ကိုင်ဖက်များ တီယန်ကျင်းမြို့ သို့ SOC Plus အစည်းအဝေးလာရောက် တက်ရောက်ကြသည့်အတွက် ကြိုဆိုပါ ကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်မှာ **“ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်း လုံခြုံရေးကို ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်”**ဖြစ်ပါကြောင်း၊ ကမ္ဘာလုံး ဆိုင်ရာ အုပ်ချုပ်မှုပဏာမ အဆိုပြုချက် (Global Governance Initiative(GGI) ငါးချက်ကို မိမိအနေဖြင့် အဆိုပြုတင်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SCO အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက် ရေးနှင့် သာယာဝပြောရေးတို့ကို အထောက် အကူဖြစ်စေမည့် ယခုအစည်းအဝေးသည် အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါ ကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ က ဆွေးနွေးပြောကြားသည်။ ထို့နောက် ဘယ်လာရုစ်နိုင်ငံသမ္မတ၊ အီရန်နိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ်စတန် နိုင်ငံသမ္မတ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၊ တာဂျစ် ကစ္စတန် သမ္မတ၊ ဥဇဘက်ကစ္စတန်နိုင်ငံ သမ္မတ၊ ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံ သမ္မတ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အဇာဘိုင်ဂျန် နိုင်ငံ သမ္မတ၊ အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ်၊ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၊ မော်လ်ဒိုက်နိုင်ငံ သမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ နီပေါ နိုင်ငံဝန်ကြီးချုပ်၊ တူကီယဲသမ္မတနိုင်ငံသမ္မတ၊ အီဂျစ်နိုင်ငံ ဝန်ကြီးချုပ်၊ တာ့ခ်မင်နစ္စတန် နိုင်ငံ သမ္မတ၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားလှယ်၊ အိန္ဒိယ နိုင်ငံကိုယ်စားလှယ်တို့က အသီးသီးဆွေးနွေး ပြောကြားကြသည်။

ထိုသို့နိုင်ငံအလိုက် ဆွေးနွေးပြောကြား ရာတွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခု အစည်းအဝေးကို တက်ရောက် လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါဟု ပထမဦးစွာနှုတ်ခွန်း ဆက်သအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်းထိပ်သီးအစည်းအဝေးကို မိမိအား ပါဝင်တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့သည့် အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခု အစည်းအဝေး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက် မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကိုယ်စား တက်ရောက်အမှာစကားပြောကြား ခွင့်ရရှိသည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလို ပါကြောင်း။


**မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်း စိတ်ဓာတ်(Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့ အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေး ဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)က ဦးဆောင် ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထား မေတ္တာရပ်ခံလို . . .**

ယနေ့ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေး ခဲ့ကြသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ ယခုနှစ် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် သက်ဆိုင်ရာတာဝန် ရှိသူများအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြော ကြားလိုပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)သည် ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ဒေသတွင်း လုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံ များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်ဝ သည့် နိုင်ငံများ၊ မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံများ၊ စိုက်ပျိုး၊ မွေးမြူရေးအားကောင်းသည့် နိုင်ငံများ စသည်ဖြင့် ပါဝင်ပါကြောင်း၊ ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျော ညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံ အတွင်း ဖြစ်ပျက်နေသည့်အခြေအနေများကို ဥပက္ခာပြုပြီး နိုင်ငံရေး၊စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေ ကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက်SCOအဖွဲ့ကို စီးပွားရေး ပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာ ဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိ အခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့် နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင် ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက် ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို နိုင်ငံ့ခေါင်းဆောင် များ စုံညီစွာတက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက် များကို ခိုင်မြဲသောစည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း၊ **မိမိတို့ အကြားအပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန်တန်ဖိုးထား လေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှု အောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝ ပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြ ရမည်ဖြစ်**ပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ အခြေခံမူများဖြစ်သည့် ဝင်ရောက် မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေး တို့ကို မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံ များအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံ မှုများပြုလုပ်ရာတွင် ထားရှိသည့်ခိုင်မာသော အခြေခံအုတ်မြစ်နှင့် များစွာအလားသဏ္ဍာန် တူပါကြောင်း၊**မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေး ဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက ပါဝင် ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့(SCO)က ဦးဆောင်ကျင်းပပြုလုပ်ခဲ့ သည့် အခမ်းအနားများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊** ဆက်လက်၍



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ လာအိုနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လာအိုနိုင်ငံက ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထား၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာပြောကြားလို . . .**

လည်း **မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထား မေတ္တာရပ်ခံလို**ပါကြောင်း။

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများစွာရှိပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကိုပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိ**ပါကြောင်း။

လုံခြုံရေးကဏ္ဍတွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကိုတိုက်ဖျက်ရာတွင် ထိရောက်သည့် အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့ပြင် ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု(AI)နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံးတိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအောက်မှပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Xi Jinping က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုပဏာမအဆိုပြုချက် (Global Governance Initiative(GGI) ငါးချက်ကို တင်သွင်းခဲ့ပါကြောင်း၊အဆိုပြု ငါးချက်သည် မိမိအရှေ့ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့် အခြေအနေများနှင့် ထင်ဟပ်နေပါကြောင်း၊ လက်တွေ့ကျပါကြောင်း၊ နိုင်ငံအများအပြားရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက် ငါးချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီး H.E. Mr. Xi Jinping ၏ အဆိုပြုချက်ကို ထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေနဲ့ မိမိတို့မြန်မာနိုင်ငံအနေဖြင့် "၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(SCO Development Strategy for the Next Decade: 2025–2035)"ကိုကြိုဆိုထောက်ခံပါကြောင်း၊ **အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာပြောကြားလို**ပါကြောင်း။

အဆွေတော် သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသည့် ဧည့်သည်တော်များအားလုံးနှင့် ကမ္ဘာသူ၊ကမ္ဘာသားများအားလုံး ဘေးအန္တရာယ်ကင်းဝေးစွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများကို ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တီယန်ကျင်းမြို့ရှိ Tengle Hotel မှနေ၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တီယန်ကျင်းဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


ယင်းနောက် ဆိပ်ကမ်းတာဝန်ခံက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆိပ်ကမ်းမှတာဝန်ရှိသူတစ်ဦးက ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ တီယန်ကျင်းဆိပ်ကမ်းမှနေ၍ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများ ပို့ဆောင်လျက်ရှိမှုနှင့် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေများနှင့် AI စနစ်အသုံးပြု၍ ကွန်တိန်နာများကို သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လေအားလျှပ်စစ်ဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။


ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများကို သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဆိပ်ကမ်းမှ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့် ယာဉ်များဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Coop–eration Organisation – SCO SUMMIT 2025) အထိမ်းအမှတ်အဖြစ် SCO စာလုံးကို သရုပ်ဖော်ပြသကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆိပ်ကမ်းတာဝန်ခံနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

အဆိုပါ တီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကအထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြူနီစပယ်အုပ်ချုပ်ရေးဒေသ၏ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး Haihe မြစ်အနီး Bohai ပင်လယ်အော်အနောက်ဘက်ကမ်း တီယန်ကျင်းမြူနီစပယ်အုပ်ချုပ်ရေးဒေသတွင် တည်ရှိကြောင်း၊ အဆိုပါဆိပ်ကမ်းကို တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကထောက်ပံ့နှင့် ပို့ဆောင်ရေး အချက်အချာနေရာအဖြစ် ရည်ရွယ် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းကို ၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရေနက်ပင်လယ်ဆိပ်ကမ်း (Deep– Water Seaport/ Riverport) အမျိုးအစားဖြစ်ကြောင်း၊ ကုန်းမြေဧရိယာ ၁၂၂ စတုရန်းကီလိုမီတာအပါအဝင် စုစုပေါင်း စတုရန်းကီလိုမီတာ ၄၇၀ ကျယ်ဝန်းကြောင်း၊ ထုတ်လုပ်ရေးဆိုက်ကပ်နေရာ ၁၄၀ အပါအဝင် ဆိုက်ကပ်နေရာစုစုပေါင်း ၂၁၇ ကျော်ရှိကြောင်း၊ ကွန်တိန်နာများကို တင်ချခြင်းများဆောင်ရွက်ရာတွင် AI စနစ်ကိုအသုံးပြု၍ လုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ တီယန်ကျင်းဆိပ်ကမ်းသည် ရေအနက် ၂၂ မီတာ(၇၇ ပေ) ရှိပြီး တန်ချိန် သုံးသိန်းရှိ ကြီးမားသော သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ကြောင်း၊ နှစ်စဉ်ကုန်စည်တင်ပို့မှုအနေဖြင့် တန်ချိန်သန်း ၅၀၀ ကျော်နှင့် ကွန်တိန်နာ ၁၃ သန်းကို တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ဒေသနှင့် ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တရုတ်နိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ကျော်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တီယန်ကျင်းဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများကို သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ တာရိခ် ကာရီးမ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၁

မစ္စတာ တာရိခ် ကာရီးမ်အား ၁၉၇၄ ခုနှစ် ဧပြီ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ရှိ ကွေ့အီအာဇမ်တက္ကသိုလ် (Quaid-i-Azam University) မှ ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ မဟာဘွဲ့(M. Phil)နှင့် ဇီဝသိပ္ပံဆိုင်ရာ မဟာဘွဲ့(M.Sc.)ကိုလည်းကောင်း၊ ပန်ဂျပ်တက္ကသိုလ် (University of Punjab)မှ သမိုင်းပညာဆိုင်ရာ မဟာဘွဲ့ကို လည်းကောင်းရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ တစ်နှစ်ကြာ သံတမန်ရေးရာဘွဲ့လွန်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့သည်။ ၎င်းသည် Moscow State University မှ ရုရှား ဘာသာစကားကိုလည်း လေ့လာသင်ကြားခဲ့သည်။

မစ္စတာ တာရိခ် ကာရီးမ်သည် ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ရုရှားနိုင်ငံ မော်စကိုမြို့၊ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့၊ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ စသည့်ပါကစ္စတန်သံရုံးများ တွင် တတိယအတွင်းဝန်မှ သံမှူး အထိလည်းကောင်း၊ ဓာတုလက်နက်တားဆီးရေးပိတ်ပင်ရေး အဖွဲ့ဆိုင်ရာ ပါကစ္စတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးဆဲ ရှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပါကစ္စတန်နိုင်ငံကိုယ်စားပြု မဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကုလသမဂ္ဂဌာနနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အလယ်အာရှနိုင်ငံများဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာနနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားဌာနတို့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ သံတမန်ရေးရာဌာနနှင့် အစ္စလာမ်မစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ် မေလမှစ၍ လက်ရှိအချိန်ထိ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ပါကစ္စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ် အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ တာရိခ် ကာရီးမ်သည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။ (သတင်းစဉ်)

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၂/ ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥပဒေဘာသာပြန်ကော်မရှင်**
**အမိန့်အမှတ် ၂/၂၀၂၅**
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ခုနှစ်၊ စက်တင်ဘာ ၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အောက်ပါဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ မြန်မာဘာသာသို့ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Bills of Lading Act
(ခ) The District Cesses Act
(ဂ) The Fatal Accidents Act
(ဃ) The Myanmar Passport Act
(င) The Poisons Act
(စ) The Religious Societies Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

**ဒေါက်တာသီတာဦး**
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ ဆက်လက်ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁

"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းများ၊ နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း စသည့် ခေါင်းစဉ်ငါးခုကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ် ကျောင်းသား၊ ကျောင်းသူများက "လန်းဆန်းနိုးထ ဉာဏ်စမ်းအစီအစဉ်" အဖြစ် Energizer Quiz များကို ပါဝင်ဖြေကြားကြပြီး အဖွဲ့လိုက်ဆွေးနွေးထားသော ဆွေးနွေးချက်များကို ကိုယ်စားပြုလူငယ်တစ်ဦးစီက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ် ကျောင်းသား၊ ကျောင်းသူများက လူငယ်အမြင်နှင့် ဆန္ဒစစ်တမ်းကို ဖြေဆိုကြပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်း(မူကြမ်း)ရေးဆွဲမှု၊ ဖိုရမ်ဆင်းလူငယ်ကွန်ရက်ဖွဲ့စည်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားပြုလူငယ် ၁၅ ဦးတို့က အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်းကို အတည်ပြုဖတ်ကြားကြသည်။

ဆက်လက်၍ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုတို့က ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

ဖိုရမ်အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ခင်းကျင်းပြသထားသည့် MSME အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်း ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်ထိ သုံးရက်တာကျင်းပခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်းထုတ်ပြန်ခဲ့သည်။

အဆိုပါဖိုရမ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ လူငယ်အချင်းချင်း အပြန်အလှန် လေးစားမှု၊ အတူတကွ ပညာရှာမှီးမှု၊ အတူတကွတီထွင်ဖန်တီးမှုများဖြင့် နိုင်ငံတော်၏အနာဂတ်ကို အရောက်လှမ်းကြမည်ဟု သန္နိဋ္ဌာန်ပြုထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းကို အေးချမ်းသာယာသော၊ တရားဥပဒေစိုးမိုး၍ လုံခြုံမှုရှိသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်သော၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားသဟဇာတရှိသော နိုင်ငံတစ်ခုကိုတည်ဆောက်ကြရန် ရည်ရွယ်သည်။

အဆိုပါ ကြေညာစာတမ်းတွင် ပညာရေးနှင့်ဗဟုသုတကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ၊ တန်းတူညီမျှမှုနှင့် လူမှုဝန်းကျင်တည်ငြိမ်မှုကဏ္ဍ၊ ဒီမိုကရေစီနှင့်အရည်အချင်းရှိသော ဦးဆောင်မှုကဏ္ဍ၊ လူငယ်များနှင့်တာဝန်ယူမှုကဏ္ဍ စသည့်မြန်မာလူငယ်များ၏ ရည်မှန်းချက်များပါဝင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ဆီဆိုင်မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်



**တောင်ကြီး စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နယ်မြေဒေသ အခြေအနေအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့ရသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယနေ့ နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်ခွဲ (ဆီဆိုင်)ပြန်လည်ဖွင့်လှစ်ပွဲကို ယနေ့ နံနက် ၉ နာရီကပြုလုပ်ရာ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တပ်မတော်မှ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းနှင့် တာဝန်ရှိသူများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲရုံး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူ အကအဖွဲ့တို့အား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိတို့သည် ဘဏ်အတွင်း၌ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်(ပြည်နယ် ပြန်/ဆက်)**

❑ **လေဖိအားနည်းရပ်ဝန်းမှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြုပြင်ရေးအဖွဲ့ကို KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်






ကိုဝင်းမင်းထွန်း ( ဗုံးသီးစဦးခေါင်းထိမှန်ခြင်းနှင့် ဘယ်လက်ထိမှန်ခြင်း)



ကိုကောင်းမြတ်ကို (ဗုံးသီးစ ရင်ဘတ်ထိမှန်)



ကိုဆန်းလင်းထွန်း (ဗုံးသီးစ ညာပခုံး၊ ဘယ်လက်မောင်းထိမှန်)



ကိုကျော်စိုးအောင် (ဗုံးသီးစ ဘယ်လက်မောင်းဖောက်ဝင်)





မြဝတီ–ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချ တိုက်ခိုက်မှုမှတ်တမ်းဓာတ်ပုံ။



ကိုပြည့် ( ဗုံးသီးစ နောက်ကျောဖောက်ဝင် သေဆုံး)



မြဝတီ–ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချ တိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် Sucide Drone မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁**

KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်း ခိုအောင်းနေထိုင်ပြီး ကော့ကရိတ်–မြဝတီသွား အာရှလမ်းမကြီးပေါ်၌ သွားလာလျက်ရှိသော မော်တော်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မော်တော်ယာဉ်များကိုမီးရှို့ဖျက်ဆီး၍အဆိုပါလမ်းကြောင်းအား နှောင့်ယှက်ပိတ်ဆို့ခြင်း၊ လမ်း တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကော့ကရိတ်–မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး အရှည် ၁၉၆ ပေ၊ အကျယ်ပေ ၄၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကော့နွဲ့တံတားကိုမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။


ထိုသို့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး အများပြည်သူများသွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကော့နွဲ့တံတားပြန်လည်ပြုပြင်ရေး တံတားအထူးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် အင်ဂျင်နီယာ တစ်ဦးနှင့် လုပ်သား ၂၆ ဦးတို့သည် တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တံတား၏ အနောက်မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာရှိ ပျားပင်ကျေးရွာနေရာနှင့် တံတား၏ တောင်ဘက်မီတာ ၃၇၀၀ ခန့်အကွာရှိ မြို့ဟောင်းကျေးရွာနေရာတို့မှ Suicide Drone နှစ်စင်းဖြင့် တံတားလုပ်ငန်းဆောင်ရွက်နေသူများကို တိုက်ခိုက်ခဲ့သဖြင့် တံတားလုပ်ငန်းများဆောင်ရွက်နေသည့် အမျိုးသား တစ်ဦးသေဆုံးကာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ကော့ကရိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ကနဦး ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကာ ဘားအံမြို့ရှိတောင်ကလေးဆေးရုံသို့ ဆက်လက်ပို့ဆောင်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသော လမ်း၊ တံတားများကို ဖျက်ဆီးခြင်းသည် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို များစွာ ထိခိုက်နစ်နာစေလျက်ရှိသဖြင့် ဒေသခံပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိပဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက်သမားများကို အရေးယူတုံ့ပြန်နိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းနင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူ နှစ်ဦးဒဏ်ရာရရှိ၊ အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံး

ရေဖြူမြို့နယ်၊ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက လမ်းများပိတ်ဆို့၍ မိုင်းထောင်ထားမှုကြောင့် ဒေသခံပြည်သူများ မိုင်းနင်းမိကာ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်း တစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် အသက် နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးသေဆုံးပြီး ကလေးမိဘများမှာ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာနေ ဦးကိုဦး၊ ဇနီးဖြစ်သူ မဇာခြည်မိုးနှင့် သားဖြစ်သူ အသက်နှစ်နှစ်အရွယ် မောင်မြင့်အောင်တို့ မိသားစု သုံးဦးသည် ကလိန်အောင်မြို့မှ ဈေးဝယ် ၍ ပြန်လည်ထွက်ခွာလာစဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းချောင်းကျေးရွာ၏ တောင်ဘက် မိုင်တာ ၈၀၀ ခန့်အကွာရှိ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးသို့ အရောက်၌ အကြမ်းဖက်သမားများက အများပြည်သူ အဓိကသွားလာလျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးကို သစ်ပင်သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားသဖြင့် အဆိုပါလမ်းမကြီးဘေးဘက်မှ ရှောင်ကွင်းမောင်းနှင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်း တစ်လုံးကို ဆိုင်ကယ်ဖြင့် နင်းမိပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် အသက် နှစ်နှစ်အရွယ်သားဖြစ်သူမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး မိဘများဖြစ်သည့် ဦးကိုဦးနှင့် မဇာခြည်မိုးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့ကို လူမှုကူညီရေးအသင်းများက မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။





ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် နင်းမိုင်းနင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူ နှစ်ဦးဒဏ်ရာရရှိပြီး အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်းအပြင် ပြည်သူများထိခိုက် သေဆုံးမှုများဖြစ်ပေါ်စေရန် မိုင်းများထောင်ခြင်း၊ ချိန်ကိုက်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် အရပ်ဘက်မော်တော်ယာဉ်များအား အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် လမ်းတံတားများပျက်စီး၍ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်း၊ ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများမှာ သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအနီး ထုံးဘို-စစ်ကိုင်းကားလမ်း၌ စက်သုံးဆီသယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွား၊ ဒေသခံအချို့ သေဆုံး၊ ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအနီးရှိ ထုံးဘို-စစ်ကိုင်းကားလမ်း၌ ယနေ့နံနက်ပိုင်းတွင် စက်သုံးဆီများသယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ စစ်ကိုင်းမြို့သို့ ယာဉ်မောင်း စိုးသူ (၂၉ နှစ်) (ဘ) ဦးလင်းမောင်းနှင်၍ စက်သုံးဆီ ဒီဇယ်ဂါလန် ၉၅၀၀ သယ်ဆောင်လာသည့် NISSAN အမျိုးအစား ဆီဘောက်ဆာယာဉ်အမှတ် MDY/5 7F--- တွဲယာဉ်သည် ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ထုံးဘို-စစ်ကိုင်းကားလမ်း အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ 7 star လက်ဖက်ရည်ဆိုင်အနီးသို့အရောက်၌ မော်တော်ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်တို့ကို ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ အနီးရှိလက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့ရာ မော်တော်ယာဉ်ခေါင်းခန်းမှ စတင်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် ငါးစီးတို့ဖြင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လက်ဖက်ရည်ဆိုင်အတွင်းရှိ ဒေသခံအမျိုးသား နှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ရာ ၎င်းတို့ကို မန္တလေးမြို့ရှိ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဖ၀၁)





မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ 7 Star လက်ဖက်ရည်ဆိုင်၌ မီးလောင်မှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပါကစ္စတန်နိုင်ငံတွင် ဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၅၀၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**အစ္စလာမ်မာဘတ် စက်တင်ဘာ ၁**

ပါကစ္စတန်နိုင်ငံတွင် ဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုကြောင့်လူဦးရေ၅၀၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ပါကစ္စတန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပါကစ္စတန် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်များအရ နှစ်ဝက်ကာလအတွင်း ရေကြီးရေလျှံမှု အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သဖြင့် ဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူမြင့်မားခဲ့သကဲ့သို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ပြည်သူအမြောက်အမြား ရှိခဲ့ကြောင်း၊ အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ခဲ့ရသည့်ပြည်နယ်မှာ ပန်ဂျပ်ပြည်နယ်ဖြစ်ပြီး ဘေးလွှတ်ရာရွှေ့ပြောင်းခဲ့ရသူအများစုမှာလည်း ပန်ဂျပ်ပြည်နယ်မှ ဒေသခံများဖြစ်ကြောင်း ပါကစ္စတန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဩဂုတ်လအတွင်း ပါကစ္စတန်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဟာ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးရေကြီးရေလျှံမှုဖြစ်ပါတယ်။ အထူးသဖြင့် ပန်ဂျပ်ပြည်နယ်ဟာ ရေဘေးအန္တရာယ်အရေးပေါ်အဆင့်မျိုး ရောက်ခဲ့ပါတယ်။ ကယ်ဆယ်ရေးစခန်း ၅၀၀ ကျော်ထိ ဖွင့်ပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အယောက်၅၀၀၀၀၀ ကျော်ကို နေရာချပေးခဲ့ရတယ်"ဟု ပါကစ္စတန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်း၏ အကြီးအကဲဖြစ်သူ အလီခန်းက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် စက်တင်ဘာလအတွင်း ပုံမှန်ထက် မိုးရေချိန်ပိုမိုမြင့်မားနိုင်ကြောင်း IMD က သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ စက်တင်ဘာ ၁**

အိန္ဒိယနိုင်ငံတွင် စက်တင်ဘာလအတွင်း မိုးရေချိန်ပုံမှန်ထက် မြင့်မားလာနိုင်ဖွယ် ရှိကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက(IMD)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဩဂုတ်လတွင် မိုးရေချိန်မှာ ပုံမှန်ထက် ငါးရာခိုင်နှုန်းမြင့်မားခဲ့ပြီး အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ စက်တင်ဘာလတွင်လည်း လလယ်ပိုင်းခန့်မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းကာ မိုးရေချိန်မြင့်မားပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြီးမားသော ထိခိုက်ပျက်စီးမှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း IMD က ထုတ်ပြန်ထားကြောင်း သိရသည်။

"စက်တင်ဘာလအတွင်းမှာ မိုးရေချိန်ဟာ ပုံမှန်ထက်ကို မြင့်မားနိုင်တယ်။ နှစ်ပေါင်း ၅၀ အတွင်း အမြင့်ဆုံးမိုးရေချိန်နဲ့ မိုးရွာသွန်းမဲ့ စက်တင်ဘာလဖြစ်လာနိုင်တယ်။ အရှေ့မြောက်ဘက်ပိုင်းနဲ့ တောင်ဘက်ပိုင်းတို့မှာရှိတဲ့ ပြည်နယ်တွေမှာ မိုးရေချိန် မြင့်မားနိုင်တယ်။ အထူးသဖြင့် တမီလ်နာဒူးနဲ့ ကီရာလာပြည်နယ်တို့မှာ မိုးရေချိန် အမြင့်ဆုံးရွာသွန်းနိုင်ပါတယ်" ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက(IMD)မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူကိုးဦး သေဆုံးပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

**ကဘူးလ် စက်တင်ဘာ ၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် ယနေ့ နံနက်ပိုင်းက ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူကိုးဦး သေဆုံးခဲ့ပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ဘူမိသိပ္ပံဆိုင်ရာ သုတေသနဌာနက ထုတ်ပြန်ခဲ့သည်။

ငလျင်သည် မြေအောက် အနက် ၆ ဒသမ ၂၁ မိုင်တွင် လှုပ်ခတ်ခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူကိုးဦး သေဆုံးခဲ့ပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



အဆိုပါငလျင် လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့လည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင် လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် အဆောက်အအုံတချို့ အက်ကွဲပြိုကျခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် အသေအပျောက်၊ ထိခိုက်ဒဏ်ရာရမှုများရှိသည့်အပြင် ပစ္စည်းများပျက်စီးမှုစာရင်းအတိအကျကို စစ်တမ်းများကောက်ယူနေပြီဖြစ်ပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# ဗြိတိန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူဆုံးကာလအဖြစ် သတ်မှတ်ခဲ့

**လန်ဒန် စက်တင်ဘာ ၁**

ရာသီဥတုဖောက်ပြန်မှုသည် ဗြိတိန်နိုင်ငံ၏ အပူချိန်ကိုမြင့်တက်လာစေပြီး ယခုနှစ်ကို နိုင်ငံအတွက် အပူဆုံးနှစ်အဖြစ် သတ်မှတ်ခဲ့ရကြောင်း Met Office ၏ ယနေ့ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၌ ယခုနှစ်သည် ၁၈၈၄ ခုနှစ် နောက်ပိုင်းနှစ်များထဲတွင် အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ယခုနှစ်၏ အပူချိန်သည် ပုံမှန်ရှိနေသည့် ၂၀ ဒီဂရီစင်တီဂရိတ်ကျော်မှ ဇွန် ၁ ရက်မှ ဩဂုတ် ၂၅ ရက်ထိ ၁ ဒသမ ၅၄ ဒီဂရီမှ ၁၅ ဒသမ ၇၆ ဒီဂရီ ပိုမိုတိုးနေကြောင်း Met Office မှ သိပ္ပံပညာရှင် Emily Carlisle က ပြောကြားခဲ့သည်။

ယခုနှစ်တွင် အင်္ဂလန်နိုင်ငံတစ်ဝန်းရှိနေရာအများအပြားတွင် အပူလှိုင်းကဲ့သို့သော အခြေအနေများကို နှစ်ပတ်ကျော်ကြာကြုံတွေ့ခဲ့ရပြီးနောက် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကျော်ဖြစ်ခဲ့ကြောင်း သိရသည်။

လူသားတို့၏ မဆင်မခြင်လုပ်ရပ်များနှင့် ရာသီဥတုဖောက်ပြန်မှုများက ယခုကဲ့သို့ အပူချိန်မြင့်မားသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားထားသည်။

ဗြိတိန်နိုင်ငံ၌ အပူချိန်မြင့်တက်မှုသည် ကျန်းမာရေး၊ စိုက်ပျိုး၊ မွေးမြူရေးကဲ့သို့ လူမှုစီးပွားဘဝများကို ထိခိုက်သဖြင့် အပူချိန်မြင့်တက်မှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည့် သစ်ပင်များစိုက်ပျိုးခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# တောင်ကိုရီးယားနိုင်ငံ ဂန်ဝမ်ဒိုစီရင်စုတွင် ရေအရင်းအမြစ်ခန်းခြောက်ကာ သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ဆိုးလ် စက်တင်ဘာ ၁**

တောင်ကိုရီးယားနိုင်ငံ ဂန်ဝမ်ဒိုစီရင်စုတွင် မြစ်ချောင်းများ၌ မြေအောက်ရေ ခန်းခြောက်လာမှုတို့ကြောင့် သောက်သုံးရေမလုံလောက်သည့် ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေထုအရင်းအမြစ်ခန်းခြောက်လာမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်သည့်အတွက်သောက်သုံးရေလုံလောက်မှုရှိစေရန် တောင်ကိုရီးယားအစိုးရက ဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဂန်ဝမ်ဒိုစီရင်စု ဂန်နမ်ဒေသရှိ အိုဘွန်ရေလှောင်တမံတွင် ဩဂုတ် ၃၁ ရက်က ပုံမှန်သိုလှောင်ထားနိုင်သည့် ရေပမာဏထက် ၁၄ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းနေကြောင်း သိရသည်။

"တောင်ကိုရီးယား သမ္မတက ဂန်ဝမ်ဒိုစီရင်စုက အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီးတော့ ရေရှားပါးမှု အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အရေးပေါ်အစည်းအဝေးကျင်းပခဲ့ပါတယ်။ တာဝန်ရှိသူတွေကို ရေရှားပါးမှုပြဿနာအမြန်ဆုံးတုံ့ပြန်ရေးညွှန်ကြားခဲ့ပါတယ်"ဟု တောင်ကိုရီးယား ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် ဩဂုတ် ၃၀ ရက်က အိုဘွန်ရေလှောင်တမံသို့ သွားရောက် စစ်ဆေးခဲ့ပြီးနောက် ဂန်နမ်မြို့တွင် ရေရှားပါးမှုအရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များအတွက် အရေးပေါ်အစည်းအဝေး တစ်ရပ်ပြုလုပ်သွားခဲ့ပြီး အမြန်ဆုံးဆောင်ရွက်သွားရန် ညွှန်ကြားသွားခဲ့ကြောင်း တောင်ကိုရီးယား ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။


Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကလျာ

# ဘယ်ဝယ်သောင်ကမ်း ပြန်လမ်းမှိုင်းမှုန်ရီ

မောင်ခြိမ့်



ဩဂုတ် ၃၁ ရက်မှအဆက်

ကိုကြီးကတော့ အဖေနှင့်နှစ်ယောက်သား ရောဂါအကြောင်းများပြောပြီး ဆရာဝန်ပေးထားသော ဆေးများယူကြည့်နေသည်။ ပြီးတော့ အဖေ့ကို အိပ်ရာထက်တွင် ပက်လက်အိပ်စက်စေကာ နားကြပ်နှင့် ဟိုသည်ထောက်ကာ စမ်းသပ်နေတော့ သားဖြစ်သူကို မော့ကြည့်နေသော အဖေ၏ အကြည့်တွင် အားကိုးခြင်း၊ ယုံကြည်ခြင်း၊ ကျေနပ်နှစ်သိမ့်နေခြင်းနှင့်အတူ ပီတိများတဝေဝေနှင့် ရှိနေသည်ကို မြင်တွေ့နေရလေသည်။

"ဟော့ မခင်ကြွေ ကလေးတွေကို ဟင်းကောင်းကောင်းချက်ကျွေးနော်"

အမေ့ကို လှမ်းပြောလိုက်တော့ အဖေ့လေသံများက မာနေသည်။ စောစောတုန်းကနှင့် မတူတော့ပါလား။

အမေကတော့ အဖေ့ကို မျက်စောင်းတစ်ချက်လှမ်းထိုးပြီး နီနီနှင့် သားအမိနှစ်ယောက် တွတ်ထိုးလျက်ရှိ၏။ မတွေ့ရတာကြာပြီ မဟုတ်လား..။

(၇)

နီနီတို့မောင်နှမ အဖေ၊ အမေတို့နှင့်အတူ နေထိုင်ခွင့်ရခဲ့သည့် ခုနစ်ရက်ဆိုသော အချိန်ကာလသည် ခဏကလေးနှင့် ကုန်ဆုံးသွားခဲ့ရပါသည်။ သားတွေ၊ သမီးတွေ သိုင်းသိုင်းဝိုင်းဝိုင်းနှင့်မို့ အဖေ၏နာလန်ထကာလသည် မထင်မှတ်နိုင်လောက်အောင် မြန်ဆန်ခဲ့ပါ၏။ အခုရက်ပိုင်းအတွင်း အတော်လေး ကျန်းမာလာခဲ့ပြီ။

"ငါ့သားကြီးပေးတဲ့ဆေးက အဖေနဲ့အတော်တည့်တယ်ကွ။ သိရဲ့လား မခင်ကြွေ"

အဖေ့စကားသံများက ရွှင်၍နေ၏။ အဖေ့အတွက်တော့ အခြားသော ဆေးများထက် သား၊ သမီးနှင့်အတူနေရခြင်းဟူသည့် ပီတိဆေးက ပို၍အစွမ်းထက်နေဟန်ရှိသည်။

အဖေ၊အမေနှင့် မိသားစုလေးယောက် စုံစုံညီညီနေခွင့်ရသော နေ့များတွင် အစ်ကိုကြီးရော နီနီပါ ကလေးများ ပြန်ဖြစ်နေကြတော့သည်။ အဖေနှင့်အတူ အိမ်ရှေ့က ချောင်းကလေးအတွင်း အတူတူရေဆင်းချိုးကြ၏။ ထိုချောင်းရေပြင်သည် နီနီတို့ငယ်ဘဝကတည်းက သဘာဝရေကူးကန်ကြီးဖြစ်ခဲ့၏။ ငယ်ငယ်တုန်းက အစ်ကိုကြီးနှင့်နီနီတို့ ရေကူးသင်ကြရင်း ချောင်းကလေးအတွင်း ကျရေနှင့်အတူ ချောင်းဖျားဘက်ဆီက မျောပါလာကြသော အမျိုးအမည်စုံလှသည့် အသီးကလေးများကို အဖေက ဒိုင်ခံဆယ်ယူပေးခဲ့သည်ကို မောင်နှမနှစ်ယောက်လုကြရင်း အဝေမတည့်ဖြစ်ကြ၏။

ပြီးတော့ "အဖေ ဒါဘာသီးလဲ"ဟု အလုအယက်မေးကြ၏။ အသီးတစ်မျိုးဆယ်ရတိုင်း မေးနေကျလည်းဖြစ်၏။ အဖေကတော့ စိတ်ရှည်လက်ရှည်ပင် လမုသီး၊ သပြေသီး၊ ညောင်သီး၊ ပြွေချင်သီး၊ သံဒတ်သီး၊ ဆင်နင်းသရက်သီး၊ ပုံလုံသီး၊ မအူသီး၊ သပြုသီး၊ ပျဉ်းမသီးစသည်ဖြင့် ခွဲခြား၍ပြောပြတတ်၏။

သပြေသီးမှည့် ညိုညိုကြီးများနှင့် လမုသီးမှည့်များဆယ်၍ ရလာလျှင်တော့ မောင်နှမနှစ်ယောက်သား ဆားနှင့်တို့ကာ စားကြတော့၏။

ထိုသို့ မျောပါလာကြသော အသီးများထဲတွင် အဖေကိုယ်တိုင် အမည်မဖော်နိုင်သော၊ မသိသော အသီးကလေးများကလည်း ရောနှောကာ မျောပါလာတတ်ကြသည်။ ထိုအခါ အဖေက နားငြီးသက်သာလျှင်ပြီးရောဆိုသည့်သဘောနှင့် အမည်မသိသော အသီးကလေးများတွေ့တိုင်း ရေမျောသီးဟုသာ အမည်ပေးလေ့ရှိ၏။

ထိုအခါ တခစ်ခစ်ရယ်ကာ သဘောကျနေသော နီနီက "အဲဒီ အသီးကလေးတွေက ဘယ်အထိ မျောပါသွားမှာလဲဟင် အဖေ"ဟု ကတ်သီးကတ်သတ် မေးတတ်၏။ ထိုအခါ အဖေက အကြာကြီးတွေပြီး စဉ်းစားနေသေး၏။ ပြီးမှ "အဲဒီအသီးကလေးတွေကို လူတွေကလဲ မဆယ်ဘူး၊ ဝဲကလဲမစုပ်ဘူး၊ ကမ်းနှစ်ဖက်က သောင်တွေပေါ်မှာလဲ မတင်ဘူး ဆိုရင်တော့ ဟိုးမြစ်မကြီးတွေဆီ ရောက်မယ်၊ ပြီးရင် မြစ်မကြီးတွေဆီကတစ်ဆင့် ပင်လယ်ကြီးထိ မျောသွားကြမှာပေါ့သမီးရယ်" ဟု လေးလေးကြီးပြောတတ်၏။

ချောင်းရေစီးထဲတွင် လူးကာ၊ လိမ့်ကာ၊ နစ်တုံပေါ်တုံပြု၍ မျောပါသွားကြသော အမျိုးအမည်မသိနိုင်သည့်ရေမျောသီးကလေးများကို ကြည့်ကာ နီနီတစ်ယောက် ဝမ်းနည်းသလိုကြီး ဖြစ်နေတတ်တော့၏။

"အဲဒါဆို သူတို့ဒီချောင်းကလေးဆီကို ဘယ်တော့မှပြန်မရောက်တော့ဘူးပေါ့နော်" ဟု လွမ်းလွမ်းဆွေးဆွေး မေးတတ်သေး၏။

"ဒါပေါ့ သမီးရယ် မှန်တာပေါ့၊ အဲဒီ ရေမျောသီးကလေးတွေဟာ ဒီချောင်းကလေး အတွင်းကိုကော၊ သူတို့ကို သီးပေးလိုက်တဲ့ မိခင်အပင်ကြီးဆီကိုကော ဘယ်တော့မှပြန်မရောက်တော့ဘူးပေါ့။ ပုပ်ရိဆွေးမြည့်ပြီး ပျက်စီးသွားတဲ့ အသီးကလေးတွေကလဲ ပျက်စီးပျောက်ကွယ်သွားကြရော၊ သောင်တွေကမ်းတွေပေါ်မှာ သွားတင်တဲ့ အသီးတွေကျတော့ သူတို့တွယ်ငြိနေတဲ့ သောင်တွေကမ်းတွေပေါ်မှာပဲ အပင်တွေပေါက်လာကြ၊ ရှင်သန်ကြီးထွားလာကြ၊ တစ်ခါထပ်ပြီး သီးကြပွင့်ကြပြန်တာပဲပေါ့၊ အဲဒီလိုသူတို့က နောက်ထပ်သီးလာကြတဲ့ အသီးကလေးတွေကလဲ တစ်ခါအပင်ကြီးကနေ ကြွေကျပြန်ရော ရေစီးထဲမျောပါသွားကြပြန်ရော၊ အဲဒါ သဘာဝပဲ သမီးရယ်"

(၈)

နီနီတို့မောင်နှမ ပြန်ကြပါတော့မည်။ အမေကတော့ ရန်ကုန်မှာ နီနီတို့စားဖို့ ငါးပိရည်ကျိုများ၊ ငါးရံ့ခြောက်များ၊ ငါးကျည်းကျပ်တင်များ၊ ပုစွန်ခြောက်များ၊ ပုစွန်ချဉ်များ စုံအောင်ထုပ်ပိုးပြင်ဆင်လျက်ရှိ၏။

အဖေကတော့ သူ့အင်းသားတပည့်တစ်ယောက်ကိုခေါ်ကာ အိမ်ရှေ့ဝဲယာတွင်ရှိသော အုန်းပင်ကြီးနှစ်ပင်ကို တက်ခိုင်းတော့၏။

"မင်းတို့ရန်ကုန်မှာ ရှားတယ်ကွ။ အုန်းသီးရင့်ရင့်တွေ အခွံခွာပေးလိုက်မယ်။ အုန်းထမင်းပဲချက်ချက်၊ ကျောက်ကျောပဲကျိုကျို လွှတ်ကောင်းပေါ့ကွာ။ မင်းတို့မှတ်မိသေးလား။ ဘယ်ဘက်ကအပင်ကို သားကြီးမွေးတဲ့နှစ်မှာ စိုက်တာ။ ညာဘက်က အပင်ကတော့ သမီးကလေးမွေးတဲ့နှစ်မှာ မှတ်မှတ်ရရ စိုက်ခဲ့တာ။ မင်းတို့တစ်သက်ဆိုတော့ အင်း... ဘာလိုလိုနဲ့ နှစ်ပေါင်းပဲ ၃၀ ကျော်ပါပကောလား"

ပင်စည်လွှင့်လွှင့်၊ မြင့်မြင့်မားမားနှင့် သီးလုံးသီးခိုင်များဝေနေသော၊ တွဲလဲကျနေသော အုန်းပင်ကြီးနှစ်ပင်က သူတို့သားအဖတွေကို ငုံ့ကြည့်နေသည် ထင်ရ၏။

"ဘာလဲ .. သားအဖတွေပြန်ခါနီး အလွမ်းသယ်နေကြတာလား ဟော့။ အုန်းသီးတွေ ရန်ကုန်ယူသွားကြမှာလား။ ကောင်းတယ်ဟော့ တို့ရွာမှာတော့ အင်းသားကြီးရဲ့ အုန်းပင်တွေက နာမည်ကြီးပဲဟ။ အလုံးကလဲထွား၊ အသားကလဲထူ၊ ချိုကလဲချိုတယ်ကွ။ တစ်နှစ်တစ်နှစ် အုန်းနှစ်ပင်ကသီးတဲ့ အသီးတွေကနည်းတာမှတ်လို့ .. အုန်းသီးဖိုးတင် တော်တော်ရတာပေ့ါ၊ ဒါကြောင့်လဲ ရှေးလူကြီးသူမတွေ ဆိုစကားထားခဲ့ကြတာကိုး။

အုန်းတစ်ပင်စိုက်ထားရင် သားသမီးတစ်ယောက်မွေးထားတာထက် အားကိုးရသတဲ့ကွ။ တို့အင်းသားကြီးက နှစ်ပင်တောင်စိုက်ထားတာဆိုတော့ ဘာပူစရာရှိတော့မှာလဲကွာ။ ရှေ့ရှေ့ ငါ့ခြံထွက်နွားနို့လတ်လတ်ဆတ်ဆတ်တွေဟာ ရေမရောဘူး၊ သောက်သွားကြပါအုံး"

ဘကြီးသာကျော်က ပြောလည်းပြော၊ သူ့ခြံထွက်နွားနို့တွေထည့်ထားသော ဒန်ချိုင့်ကြီးကို အမေ့လက်ထဲ ထိုးပေးနေသည်။

နီနီသည် အစ်ကိုကြီးမျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိသည်။ အစ်ကိုကြီးကတော့ ဘကြီးသာကျော်၏စကားဆုံးလျှင် မိုးထိမတတ်မြင့်မားနေသော အုန်းပင်ကြီးနှစ်ပင်ကို မော့ကြည့်ရင်း တစ်စုံတစ်ခုကို တွေးနေပုံရသည်။ တစ်ပင်က သူမွေးသည့်နှစ်မှာ စိုက်ခဲ့ခြင်းဖြစ်ပြီး နောက်တစ်ပင်ကတော့ နီနီမွေးသည့်နှစ်မှာ စိုက်ခဲ့ခြင်းဖြစ်သဖြင့် သူတို့ကိုယ်ပွားအုန်းပင်မောင်နှမဖြစ်နေပြီ။ သူတို့မောင်နှမကိုယ်စား မိအိုဖအိုကြီးနှစ်ပါးကို ထိုအုန်းပင်မောင်နှမက ရှာကျွေးနေခဲ့ပြီ။

ပင်စင်စား မူလတန်းကျောင်းအုပ်ဆရာမကြီးနှင့် အင်းသားအိုကြီးတို့နှစ်ယောက်သား ဘယ်လိုများစားသောက်နေထိုင်ကြပါလိမ့် တွေးရင်း တွေးရင်း ရင်ထဲမှာ နာကျင်ဆို့တက်လာနေ၏။

နီနီတို့မောင်နှမ ရန်ကုန်ပြန်ရန် ရေဆင်းတံတားဆီဆင်းလာကြတော့ အဖေ၊ အမေသာမက ဘကြီးသာကျော်ရော ငယ်သူငယ်ချင်းတွေပါ ကမ်းစပ်မှာ စည်ကားနေတော့သည်။ အဖေနှင့်အမေက စကားမဆိုနိုင်၊ ခွဲခွာသွားကြတော့မည့် သားနှင့်သမီးကို မျက်စိရှေ့ကနေ ပျောက်ဆုံးသွားမည်စိုးသည့်အလား မျက်တောင်မခတ်စတမ်း ငေးကြည့်လျက်ရှိ၏။ နှုတ်ခမ်းအစုံက တလှုပ်လှုပ်ဖြစ်နေကြသော်လည်း စကားသံတို့က ပေါ်ထွက်မလာကြ။

သဘော်ဆိပ်ကို လိုက်ပို့မည့် သမ္ဗန်လှေကလေး ကမ်းစပ်က ခွာတော့ "အဖေ၊အမေပြန်တော့မယ်နော်" မောင်နှမနှစ်ယောက်စလုံးက နှုတ်ဆက်တော့ အမေက "အေး" ဟု လေးလေးပင်ပင်ကြီး ပြန်ပြောသည်။ အဖေကတော့ စကားတစ်ခွန်းမှမဆိုဘဲ ငြိမ်သက်စွာ ငေးနေဆဲဖြစ်၏။

ရေအကျပေမို့ ချောင်းကလေးအတွင်းမှ ရေများသည် မြစ်မကြီးဆီသို့ တရွေ့ရွေ့စီးဆင်းလျက်ရှိသည်။ အိမ်ရှေ့ရေဆင်းတံတားမှ ခွာခဲ့ပြီး ခပ်လှမ်းလှမ်းရောက်တော့ နောက်သို့လှည့်၍ နီနီလှမ်းကြည့်မိ၏။ အမေကတော့ အိမ်ပေါ်သို့ပြန်တက်သွားပြီထင်သည်။ မတွေ့ရတော့။ အဖေကတော့ ရေဆင်းတံတားလေးပေါ်မှာ ခြေတွဲလဲချထိုင်ရင်း တရွေ့ရွေ့ဝေးကွာသွားနေသော နီနီတို့မောင်နှမ၏ လှေကလေးဆီငေးကြည့်နေဆဲမြင်နေရသည်။

အိမ်ရှေ့ရှိ ငွားငွားစွင့်စွင့်မြင့်မြင့်မားမား အုန်းပင်မောင်နှမကတော့ ရှည်လျားသွယ်ပြောင်းသော အုန်းလက်ကြီးများကို လေအဝှေ့တွင် ဘယ်ညာယိမ်းနွဲ့ရင်း နီနီတို့ကို နှုတ်ဆက်နေသလား၊ ဒါမှမဟုတ် လူသားစင်စစ်တွေဖြစ်ကြပါလျက် ပညာတတ်ကြီးတွေ၊ လူချမ်းသာတွေဖြစ်နေသည့်တိုင်အောင် သူတို့လောက်မှ တာဝန်မကျေသော၊ ကျေးဇူးမသိတတ်သော နီနီတို့မောင်နှမကို သရော်လှောင်ပြောင်နေကြသလား နီနီမခွဲခြားနိုင်။

ချောင်းရေသည် နွဲ့နွဲ့ကလေးညင်သာစွာ စီးဆင်းလျက်ရှိသည်။ ရေမျောသီးကလေးများသည် ထိုချောင်းရေစီးတွင် တိတ်ဆိတ်စွာ စီးမျောလိုက်ပါလာကြသည်။ သူတို့တစ်တွေကို လူတွေက ဆယ်ယူကြမလား၊ ပုပ်ရိဆွေးမြည့်၍ ပျက်စီးသွားကြမလား၊ တစ်ခုသော သောင်ကမ်းစပ်မှာတင်၍ ဆက်လက်မျိုးပွားအသက်ရှင်ကြမလား၊ ဒါမှမဟုတ် ဟိုး မြစ်မပင်လယ်ကြီးတိုင် မျောပါသွားကြလေမလား အတတ်မသိနိုင်။

သေချာတာတစ်ခုကတော့ သူတို့သည် သူတို့ကို ဖူး၊ ငုံ၊ ပွင့်၊ သီးပေးခဲ့သော မိခင်ပင်အိုကြီးဆီကိုတော့ ဘယ်သောအခါမှ ပြန်လည်ရောက်ရှိနိုင်တော့မည် မဟုတ်ပေ။

နီနီတို့မောင်နှမကို တင်ဆောင်သွားသော လှေကလေးသည် ရွာကလေးနှင့်၊ မွေးရပ်မြေနှင့်၊ နောက်ပြီး အဖေ၊ အမေတို့နှင့် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားနေပြီ။

# ဒီပဲယင်းမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၅ ဧက စိုက်ပျိုးသွားမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၅ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မြင့်တင် ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ပုစွန်အစုံ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ရေထွက်ကုန်အများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပုစွန်အစုံပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်သားတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန် တစ်ပိဿာဈေးနှုန်းများမှာ ပုစွန်ဘော့ချိတ်ငွေကျပ် ၂၄၀၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၈၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၂၃၅၀၀၊ ပုစွန်ပြောင်ထုပ်ကြီး ငွေကျပ် ၄၅၀၀၀ စသည်ဖြင့်လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းတုံမြို့နယ် နားကောင်းမူး(ရွာဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ စက်တင်ဘာ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကောင်းမူး (ရွာဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့်တာဝန်ရှိသူများက နားကောင်းမူး (ရွာဟောင်း) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားကောင်းမူး (ရွာဟောင်း) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဉ္စမအကြိမ်အဖြစ် အသင်းသား၊ အသင်းသူ ၂၄ ဦးကို ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွန့်


## စာဖတ်ကြပါစို့

\- စိတ်အာဟာရ
ပြည့်ဝဖို့ စာဖတ်ပါ၊
အသိဉာဏ် ရှင်သန်မှ
အမှန်မြင်ကြမှာ၊
ဖတ်ရှုလို့ လေ့လာ
အမြဲသာ တိုးတက်၊
စာပေကို ဖတ်ထားတော့
အမှားမဖက်။

\- ဉာဏ်ရည်တွေ ပိုထက်မြက်
ဖွေးလက်ပြီး အမြင်ကျယ်၊
အတွေ့ကြုံ ဗဟုသုတ
ရရှိကြတယ်၊
လူ့ဘဝ ဂုဏ်မငယ်
ဖတ်ကြကွယ် လူအများ၊
စာပေသည် ရတနာဖြစ်လို့
ချစ်ကြစေသား။

\- အသိဉာဏ် တိုးပွားလို့
နိုးကြားလျက် အောင်မြင်၊
စာဖတ်သူ စိတ်နှလုံး
ကြည်နူးပြုံးရွှင်၊
သောကတို့ မခိုဝင်
ဉာဏ်ယှဉ်ကာ ရှေ့ဆက်သေး၊
စာပေဂုဏ် ကျေးဇူးများက
ကြီးမားတယ်လေး။ ။

မောင်လူစိုး


# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၄၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေငံရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၄၇ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင် )

# လောကကိုအလှဆင်မှု

မောင်မောင်ချစ်

"Social Gravity Formula is own the room before you speak."

CHASE HUGES

(Psychologist)

**လူမှုဆက်ဆံရေးမှာ လေးနက်ဆွဲဆောင်အားရဲ့ ပုံသေနည်းက သင်စကားစတင်မပြောသေးခင် ထိုခန်းမကိုချုပ်ကိုင်ပိုင်နိုင်ပါစေ။**

**ချေ့စ်ဟရူးစ်**

**(အပြုအမူကျွမ်းကျင်စိတ်ပညာရှင်)**

မင်းသမီးတစ်ယောက်နဲ့ ခရီးတစ်ကြိမ်နှစ်ကြိမ်မက အတူသွားခဲ့ရဖူးတယ်။ မြို့ပေါ်ခရီးအနီးလည်း အတူသွားဖူးရဲ့။ ခရီးအဝေးလည်းအတူသွားဖူးတယ်။ စာပေဟောပြောပွဲတွေအတူတကွ သွားရောက်ဟောပြောကြခြင်းပါ။ သူက ပရိသတ်စိတ်ဝင်စားအောင်၊ အခြေအနေနဲ့ဆီလျော်အံကျအောင် ဟောပြောတတ်ပေတယ်။ လေသံ၊ ဟန်ပန်၊ ဌာန်ကရိုဏ်းကျအောင် တက္ကသိုလ်ဘွဲ့ရပညာတတ်တစ်ယောက်အနေနဲ့ ဟောပြောနိုင်စွမ်းရှိပေရဲ့။ အမှန်တကယ်လည်း သူရယူခဲ့တဲ့ စီးပွားရေးတက္ကသိုလ်ကဘွဲ့ဒီဂရီအပြင် အခြားဘွဲ့လက်မှတ်တွေအများကြီးတသီတတန်းကြီးရအောင် ပညာကိုလေ့လာဆည်းပူးခဲ့သူပါ။ ပညာရှာခြင်းအရာမှာ သူကမပျင်းပါဘူး။ စာကြိုးစားသူပဲ။

သူကအမှန်ကို ရဲရဲဝံ့ဝံ့ပြောရဲတယ်။

ပြောပုံတင်ပြပုံကလည်း အများလက်ခံချင်အောင် မပိုမလိုပြောတတ်ပါတယ်။ အတိုင်းအရှည်ကို သူက သိပါတယ်။ အပြုသဘောနဲ့ ပြောတတ်တယ်။ သူတစ်ပါးကို ထိပါးနစ်နာစေမှာမျိုးကို သူကစင်ပေါ်မှာလည်း မပြောဘူး။ စကားဝိုင်းထဲမှာလည်း မပြောဘူး။ ရုပ်ရှင်မင်းသမီးတစ်ဦးကို ချီးမွမ်းခန်းဖွင့်နေသလိုဖြစ်နေခဲ့ရင်လည်း မငြင်းပါဘူး။ သာမန်သိကျွမ်းခင်မင်ဖူးရုံမျှသာရှိပေမယ့် သူနဲ့(သူတို့အရွယ်ကောင်းစဉ်အကျော်ကြားဆုံးအချိန်က)အတူ ရုပ်ရှင်ရိုက်ခဲ့ဖူးတဲ့ မင်းသားတွေအကြောင်း စာရေးသူက မေးတဲ့အခါ သူက တော်ကြောင်း၊ ကောင်းကြောင်းတွေကို တော်တော်လေးစုံစေ့အောင်ပြောပြတတ်တယ်။ သူ့မှာ ကြည့်တတ်မြင်တတ်တဲ့ စူးစမ်းမှုရှိပါတယ်။

ဘယ်မင်းသမီး၊ ဘယ်မင်းသား၊ ဘယ်ရုပ်ရှင်လောကသားတစ်ယောက်တလေရဲ့ အားနည်းချက်၊ ချွတ်ယွင်းချက်၊ ချို့တဲ့မှုတို့ကို သူ့စကားထဲမှာ မကြားရဖူးပါ။ သူ့မှာစည်းရှိတယ်။ ကျင့်ဝတ်ရှိတယ်။ ချင့်ချိန်တတ်ပါတယ်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀-၅၀ ကာလမှာ သူနဲ့ ထိပ်တန်းမင်းသားလူငယ်တွေနဲ့ ရုပ်ရှင်ရိုက်ဖို့ ခရီးတို၊ ခရီးရှည်၊ အနယ်နယ်အရပ်ရပ်သွားခဲ့၊ ရောက်ခဲ့မှာပေ့ါ။ လူဆိုတာ ခရီးအတူသွားကြရင် သူတစ်ပါးရဲ့ ကောင်းတဲ့အကျင့်ရော၊ မကောင်းတဲ့စရိုက်ရော၊ မြင်ရကြားရတာပဲ။ သိနိုင်ပေတာပဲ။ ဒီရုပ်ရှင်မင်းသမီးက သူတစ်ပါးရဲ့အားသာချက်ကိုပဲ သိမှတ်ထုတ်ဖော်တတ်ပေတယ်။

သူကပြည်တွင်းပြည်ပ လုပ်ငန်းခွင်သင်တန်းတွေလည်း တက်ဖူးတယ်။ အတတ်ပညာကို တန်ဖိုးထားတဲ့သူရဲ့ ကျောင်းသား၊ ကျောင်းသူစိတ်ကို လေးစားမိပါတယ်။ ပညာဆည်းပူးတယ်။ စာဖတ်တယ်။ အင်္ဂလိပ်လိုလည်း ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်တယ်ဆိုတော့ သာမန်ရုပ်ရှင်မင်းသမီးအများစုထက် ခြားနားချက်ရှိပေတာပေ့ါ။ ကိုယ်ရေးကိုယ်တာအခြားအကြောင်းအရာတွေတော့ မသိပါ။ စေလိုရာစေ၊ အဖေတစ်ခုသားတစ်ခု စတဲ့ရုပ်ရှင်ဇာတ်ကားတွေမှာ သူ့ကို မြင်ဖူးကြမှာပါ။

လူတိုင်း လူတိုင်းမှာ အားသာချက်၊ အားနည်းချက်ဆိုတာကတော့ ဘုရားရှင်နဲ့ ရဟန်းသံဃာတော်ကြီးများမှအပ အနည်းနဲ့အများရှိတတ်ကြတဲ့ ပုထုဇဉ်တွေပဲလေ။ အမှန်ရော အမှားပါရှိတတ်ကြပေတာပေ့ါ။

လူတစ်ဦးချင်းစီမှာလည်း ရုပ်ရည်၊ အသံ၊ ဟန်ပန်၊ အပြောအဆို၊ အနေအထိုင်၊ အပြုအမူ၊ အဝတ်အစား၊ တစ်ယောက်နဲ့တစ်ယောက် အရောင်အသွေး၊ အငွေ့အသက်၊ သီးခြားလက္ခဏာတွေရှိနေကြပါတယ်။ မတူကြဘူး။ ကွဲပြားခြားနားကြတယ်။ အနေအထား၊ ရုပ်တည်ချက်၊ သဘောထားများကွာခြားသလိုပဲ စိတ်နေစိတ်ထား၊ တန်ဖိုး၊ အယူအဆ၊ အခြေအနေ၊ အဆင့်အတန်း၊ စွမ်းအား၊ အရည်အသွေး၊ ကွဲပြားတတ်ကြတယ်။ လူချင်းတူကြပေမယ့် အသက်ရှူချင်းကွဲကြတယ်ဆိုတဲ့သဘော။

လူတစ်ယောက်နဲ့တစ်ယောက် အတူတွဲလျက်မွေးဖွားလာတဲ့နေ့ရက်အတူ၊ ဇာတာအတူ၊ မိဘအတူ၊ လူနှစ်ယောက်၊ ညီအစ်ကိုအမြွှာ၊ ညီအစ်မအမြွှာ၊ မောင်နှစ်မအမြွှာ(အမေ့ဝမ်းကထွက်လာတဲ့ မိနစ်နာရီ

**❖ လူတွေဟာ အသက်အရွယ် ငယ်ငယ်ကြီးကြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့တော့လိုပေတယ်။ မိကောင်းဖခင်သားသမီးအဖြစ် နေထိုင်၊ ပြောဆို၊ ကျင့်ကြံရပါမယ်။ မိဘဆရာသမားကို မိမိအတွက် ဂုဏ်ယူအားတက်ကျေနပ်ကြည်နူးအောင် လုပ်ဆောင်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ငွေကြေး၊ ဥစ္စာထောက်ပံ့နိုင်ရင် ကောင်းမှုကုသိုလ်ကြီးကြီးမားမားရပေတာပေါ့။ မိဘ၊ ဆရာသမားကို ဂုဏ်တက်အောင် မဆောင်ရွက်နိုင်လို့လည်း အားငယ်စရာမဟုတ်ပါ။ အပြစ်ဆိုစရာမရှိပါ။ သို့တစေ၊ အသရေပျက်ပြီး အရှက်ရစေမှာ ဆိုရင်တော့ ရှောင်ကြဉ်ရပေမယ်။❖**

တော့ ကွာခြားတတ်တယ်)ကံတူအကျိုးပေးဆိုရပေမယ့် လက်ဖဝါးပြင်လက္ခဏာတော့ မတူနိုင်ဘူး။ ရုပ်ချင်းဆင်တူချင်တူတတ်တယ်။ DNA သွေးထဲက သီးသန့်ရှိခြင်းသဘောမှာတော့ ကွဲပေလိမ့်မယ်။ လောကကြီးမှာ လူတစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ဆင်တူတယ်ဆိုဆို မျက်စိသူငယ်အိမ်ချင်းမှာတော့ တစ်ထပ်တည်းမတူဘူး။ ဒါကြောင့် နိုင်ငံခြားအဝင်အထွက် နိုင်ငံသားစိစစ်ရာမှာ လက်ဗွေစစ်သလို မျက်လုံးကိုဓာတ်ပုံရိုက်မှတ်တမ်းယူပြီး (Identity)သတ်မှတ်တယ်။

လူတစ်ဦးချင်း ကွဲပြားခြားနားတတ်သလိုပါပဲ။ လူမျိုးရဲ့စရိုက်လက္ခဏာ၊ အစဉ်အလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ တန်ဖိုးထားပုံ၊ အသိအမြင်၊ ဉာဏ်ရည်၊ အတွေးအခေါ်၊ ခံယူချက် စတဲ့မမြင်ရတဲ့ စိတ်ပိုင်းဆိုင်ရာတွေကော မြင်နိုင်တဲ့ ဆံပင်အရောင်၊ မျက်လုံးမျက်ခုံး၊ နှာတံ၊ မေးရိုး၊ ကိုယ်လုံးအဆက်အပေါက်၊ အသားအရေ၊ ဟန်ထား၊ ရုပ်ပိုင်းဆိုင်ရာတွေကော ကွဲပြားခြားနားတတ်ပါတယ်။

လူချင်းတူပေမယ့် မြန်မာဟာမြန်မာပါပဲ။ မြန်မာနိုင်ငံသားဟာ ဥရောပတိုက်သားနဲ့ သိသိသာသာ ကွဲပြားခြားနားတယ်။ ကောင်းတာတွေကော၊ ဆိုးတာတွေကော၊ တော်တာတွေကော၊ ညံ့တာတွေကော ကွဲပြားခြားနားနေကြတယ်။ မြန်မာဟာ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားတို့နဲ့မတူသလို၊ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ မလေး၊ အင်ဒိုနီးရှား၊ ဘင်္ဂလား၊ အိန္ဒိယ စသည်တို့နဲ့လည်း ကွဲပါတယ်။ မွန်ဂိုလွိုက်မျိုးနွယ်တွေမို့ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား စတဲ့လူမျိုးတွေနဲ့တော့ ရုပ်ချင်း၊ သဘောထားချင်း နီးစပ်၊ ဆင်တူတာတွေ ရှိကြပေတယ်။

မိမိတို့လူမျိုးမှာ ကိုယ်ပိုင်အမျိုးသားရေးရနံ့ရှိတယ်။ (National Identity Atmosphere) Atmosphere ကို ရနံ့လို့ဘာသာပြန်နိုင်ပေမယ့် အခြားအနက်အဓိပ္ပာယ်တွေလည်း သုံးလေးမျိုးတောင်ရှိပါသေးတယ်။ ဗဟုသုတအနေနဲ့ လေ့လာရှုစားလိုရင်တော့ ဆိုပေတော့။

၁။ ကမ္ဘာ့လေထု၊ ဂြိုဟ်ကိုလွှမ်းခြုံထားတဲ့ ဓာတ်ငွေ့ထု

၂။ တစ်စုံတစ်ခုပတ်ဝန်းကျင်ရှိလေ

၃။ ခံစားနိုင်တဲ့ဝန်းကျင်ရဲ့ စရိုက်၊ သွင်ပြင်၊ အခြေအနေ

၄။ Atmosphere ကို အဘိဓာန်မှာအနက်အဓိပ္ပာယ်ပေးထားတာများ ဒီလိုတွေ့ရပါသေး-

(က) Ambience (ဝန်းကျင်ဓလေ့စရိုက်)

(ခ) Impression (ထင်မြင်ချက်၊ သဘောထား၊ ယူဆချက်၊ အသွင်)

(ဂ) Feel ခံစားမှု

(ဃ) Feeling (ခံစားအာရုံသိခြင်းသဘော)

(င) Air (လေ)

(စ) Character (စာရိတ္တ၊ အမူအကျင့်)

(ဆ) Environment (ပတ်ဝန်းကျင်)

(ဇ) Mood (ယာယီစိတ်နေ)

(ဈ) Surrounding (ဝန်းကျင်အခြေအနေ)

(ည) Tone (လေသံ၊ အသံအနိမ့်အမြင့်)

လူတွေဟာ အသက်အရွယ် ငယ်ငယ်ကြီးကြီး၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့တော့လိုပေတယ်။ မိကောင်းဖခင်သားသမီးအဖြစ်နေထိုင်၊ ပြောဆို၊ ကျင့်ကြံရပါမယ်။ မိဘဆရာသမားကို မိမိအတွက် ဂုဏ်ယူအားတက်ကျေနပ်ကြည်နူးအောင် လုပ်ဆောင်နိုင်ရင်တော့ အကောင်းဆုံးပေ့ါ။ ငွေကြေး၊ ဥစ္စာထောက်ပံ့နိုင်ရင် ကောင်းမှုကုသိုလ်ကြီးကြီးမားမားရပေတာပေ့ါ။

မိဘ၊ ဆရာသမားကို ဂုဏ်တက်အောင် မဆောင်ရွက်နိုင်လို့လည်း အားငယ်စရာမဟုတ်ပါ။ အပြစ်ဆိုစရာမရှိပါ။ သို့တစေ၊ အသရေပျက်ပြီး အရှက်ရစေမှာဆိုရင်တော့ ရှောင်ကြဉ်ရပေမယ်။

မိမိကြောင့် ဂုဏ်မတက်ရင်နေ ရပါတယ်။

မိမိအတွက်၊ မိဘ၊ ဆွေမျိုးနဲ့ ကျေးဇူးရှိခဲ့ဖူးတဲ့ ဆရာသမားများ မျက်နှာငယ်စရာ၊ အရှက်ရစရာတော့ မပြုလုပ်မိပါစေနဲ့။ ဒါကို ဘာကြောင့် အလေးထားဖော်ပြရသလဲဆိုတော့ လက်ကိုင်ဖုန်းမျက်နှာပြင်မှာ မြင်ကြရတဲ့ ရုပ်ပုံတွေ၊ အသံတွေ၊ စာတွေ၊ စကားတွေမှာ ကိုယ့်နိုင်ငံကိုယ့်လူမျိုး၊ မိမိရဲ့မိဘဆွေမျိုးများအဖို့ မိမိကြောင့် ဂုဏ်သိက္ခာညှိုးနွမ်းနိမ့်ကျစေမှာမျိုးတွေကို မသိဘဲဖြစ်စေ၊ သိရက်နဲ့ဖြစ်စေ၊ အရှက်အကြောက်ကင်းမဲ့စွာဖော်ပြ၊ ပြောဆို၊ ရေးသားနေတာကို စိတ်ထိခိုက်စရာတွေ့မြင်နေရလို့ မေတ္တာရပ်ခံတင်ပြနေခြင်းဖြစ်ပါတယ်။

အချို့အကြောင်းအရာတွေက သိသာသိစေ၊ မမြင်စေနဲ့ဆိုတဲ့ အရှက်အကြောက်တရားနဲ့ စည်းခြားရပါတယ်။ အချို့အချက်အလက်တွေက သိတော့သိနေ၊ သိပေမယ့် မမျှဝေသင့်ဆိုတဲ့ ကျင့်ဝတ်အသိစိတ်ရှိဖို့လိုနေတယ်။ လောကကြီးကို မပျက်စီးမဖောက်ပြန်အောင်ထိန်းကျောင်းတဲ့ အခြေခံ(ကျင့်ဝတ်စည်းမျဉ်း၊ လူသားဂုဏ်ရည်)က အရှက်တရား(ဟိရီ)နဲ့ အကြောက်တရား(ဩတ္တပ္ပ)ဆိုတဲ့ ဆင်ခြင်တုံတရားရှိရခြင်းပါ။ မိမိကိုယ်တိုင်လည်း စောင့်ရှောက်ရသလို သူတစ်ပါးနဲ့လူအများကိုလည်း တန်ဖိုးထားစောင့်စည်းကြဖို့ သတိပေးတားဆီးကြရမယ်။

ဥပမာတစ်ခု စိတ်ထဲပေါ်ရာ ထင်ရှားမြင်သာတဲ့ သာဓကတစ်ခုတင်ပြပါရစေ။ နန်းတော်ရှေ့ဆရာတင်တေးပြုစာစီတဲ့ "ကတ္တီပါဖိနပ်ကလေး တောင်မှမနိုင်"ဆိုတဲ့ အငြိမ့်မင်းသမီးလေးဥက္ကလာမအေးကြည်ရဲ့ မူပိုင်အငြိမ့်သီချင်းကို ကြားဖူးပါသလား။ ယူကျုမှာ ကတ္တီပါဖိနပ်ကလေးသီချင်း ရိုက်ရှာကြည့် လိုက်ရင် ကြည့်ရ၊ မြင်ရ၊ ကြားရပါလိမ့်မယ် (ထင်တာပဲ)။

အိမ်တစ်အိမ်က ခေါင်မိုးမလုံလို့ အိမ်ရဲ့အပေါ်ထပ်ကြမ်းပြင်သစ်သားတွေ မိုးရေစိုရွှဲကာ ဆွေးနေပါသတဲ့။ ကျွန်းသား၊ ပျဉ်းကတိုးသား၊ ပိတောက်သားလို သစ်မာမဟုတ်တဲ့ တောသစ်၊ သစ်အညံ့စားကြမ်းခင်းမို့လည်း ဖြစ်ကောင်းဖြစ်ပေမှာပေ့ါ။ ကြမ်းပေါက်တွေက များလည်းများ၊ ကျယ်လည်းကျယ်နေတော့ မင်းသမီးလေးမှာ ခြေဆင်းထိုင်ရသတဲ့။

နန်းတော်ရှေ့ဆရာတင် ဉာဏ်ရွှင်ရွှင်ကစားကွန့်မြူးပြီးရေးထားတော့ တေးသီချင်းဆိုတာက ကဗျာလင်္ကာသဘောပဲ။ စကားပြေလို ကတ္တား၊ ဝါစင်္၊ ကံပုဒ်တွေ၊ နာမဝိသေသန၊ ကြိယာဝိသေသနတွေနဲ့ ရေးထုံး၊ သဒ္ဒါစံ၊ ဘာကိုမှလိုက်နာနေစရာမလိုဘူးလေ။ ကဗျာဆိုတော့ ပုံရိပ်လွှာ၊ အလင်္ကာ၊ နိမိတ်ပုံတွေနဲ့သာ မသိမသာနဲ့ လှစ်ခနဲ၊ လှစ်ခနဲရိုးတိုးရိပ်တိပ်ပြတာလေ။

သူ့ချစ်သူက သူ့ပါးကလေးလည်းကိုင်သတဲ့။

သူ့နှာခေါင်းကလေးကိုလည်းကိုင်သတဲ့။

ရေတံခွန်စမ်းချောင်းဘက်မှာ ရေလည်းချိုးကြသတဲ့။ တောထဲတောင်ထဲ။ လူသူရှင်းတဲ့နေရာ။

တိုတိုပဲလိုရင်းဆိုကြပါစို့။

သူပြန်လာတဲ့အခါ ခြေထောက်ကယိုင်တိယိုင်တိုင်ဖြစ်နေပုံကို ကတ္တီပါဖိနပ်ကလေးတောင်မှ မနိုင်ဘူးတဲ့။ ကိုယ်စောင့်နတ်က အကုန်မြင်ခဲ့လေတော့ သူ့ကိုကြည့်ပြီး ရယ်စရာတောင်ဖြစ်လောက်တယ်ဆိုပဲ။ သူတို့ဘာတွေ ကဲခဲ့ကြသလဲတော့မသိ။

ဥက္ကလာအေးကြည်ရယ်၊ ကတ္တီပါဖိနပ်လေးတောင် မနိုင်ရအောင် မပြောချင်တော့ဘူး။

ဇာတ်စင်အငြိမ့်စင်ရှေ့မှာ အနီးကပ်မေးတင်ကြည့်နေကြတဲ့ ကာလသားပရိသတ်က ဒီသီချင်းစာသားရဲ့အလင်္ကာနိမိတ်ပုံနဲ့ သီဆိုတာကြားရမြင်ရတာနဲ့ ရင်ဖိုရင်ခုန်ကြမှာသေချာပါရဲ့။ မပြောဘဲနဲ့ ခံစားချက်တွေ နားလည်သွားအောင် ဂီတ၊ ကဗျာ၊ တေးအလင်္ကာနဲ့ပေးတတ်တယ်၊ ရေးတတ်တယ်။ ဆိုရကရပါတယ်။

မျက်မှောက်ကာလ ဒစ်ဂျစ်တယ်ခေတ်မှာတော့ လူတိုင်းက လက်ကိုင်ဖုန်းရဲ့ပရိသတ်၊ လူတိုင်းဟာ တင်ဆက်တဲ့သူ၊ ပြောသူ၊ ပြသူ၊ ရေးသူ။

စာရေးသူမှာကျင့်ဝတ်ရှိရတယ်။ စည်းကမ်းရှိရ

**စာမျက်နှာ ၂၇ သို့ á**

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၃၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၃၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၃၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ စပါးဧက ၃၀၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်း က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တွံတေးမြို့နယ် အိုင်ကြီးကျေးရွာ၌ Slab Culvert တည်ဆောက်နေမှုစစ်ဆေး

**တွံတေး စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံရွာကျေးရွာအုပ်စု အိုင်ကြီးကျေးရွာ၌ Slab Culvert နှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက အိုင်ကြီးကျေးရွာတွင် ကုန်ထုတ်လမ်း အရှည် ၄ ဒသမ ၀၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ Slab Culvert နှစ်စင်း တည်ဆောက်နေမှုနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အိုင်ကြီးကျေးရွာ၌ အဆိုပါ Slab Culvert တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၂၈၁ သိန်းဖြင့် ခရိုင်၊ မြို့နယ်ကျေးလက်ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း တွံတေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ကိုင်သူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်ငါးရှဉ့်များကို ပြည်တွင်းရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပန်းသွင်းလေးကျေးရွာ၌ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

á **စာမျက်နှာ ၂၆ မှအဆက်**

တယ်။ ဟောပြောသူမှာလည်း ကျင့်ဝတ်၊ စည်းကမ်းရှိရမယ်။ ဘာမသိညာမသိ၊ ပြောချင်ရာပြောမှာပဲ၊ ရေးချင်တာရေးမှာပဲဆိုရင်တော့ နိုင်ငံနဲ့လူမျိုးအကျိုး နည်းရချေရဲ့ကွယ်။ ဆင်ခြင်တော်မူကြပါကွဲ့။

ရေးသူပဲဖြစ်ဖြစ်၊ ပြောသူပဲဖြစ်ဖြစ်၊ ကိုယ်ကြိုက်ရာရေး၊ ကိုယ်ကြိုက်ရာပြောပါ၊ ရပါတယ်။ သို့တစေ နှုတ်ကြောင့်သေဆိုတဲ့စကားပုံ ဆိုရိုးစကားလေးတော့ သတိထား။ အရိုးမပါတဲ့လျှာဖျားက သူ့စကားက ခေါ်လိုရှုတတ်တယ်။ လုံ့သွားလိုစူးမယ်။

ဟောပြောသူမှာ၊ ရေးသားသူမှာ ရှိအပ်တဲ့အချက်တွေ သတိပြုမိစေဖို့ တင်ပြပါရစေနော်။

**၁။ တတ်မြောက်အပ်တဲ့အတတ်ပညာ(Skill, Art)**

**(က) စကားပြေအရေးအသား**

**(ခ) ကဗျာလင်္ကာဖွဲ့ပုံ**

**(ဂ) ဘာသာစကား**

**(ဃ) အဘိဓာန်**

**(င) ဆက်ဆံဆက်သွယ်မှု၊ လူမှုရေးပညာ**

**၂။ ရပ်တည်ချက်၊ သဘောထား(Attitude)**

**(က) တရားမျှတမှု**

**(ခ) မှန်ကန်မှု**

**(ဂ) ဖြောင့်မတ်မှု**

**(ဃ) ရိုးသားမှု**

**(င) စာနာမှု**

**မတရားမှု၊ မှားယွင်းလွဲချော်မှု၊ လိမ်လည်ကောက်ကျစ်မှု၊ မရိုးမသားပြုမှု၊ မစာနာမှု၊ မပါစေရပါ။**

**၃။ ဦးတည်ချက်(Motive)**

**ဘယ်သူ့အတွက်ရည်ရွယ်တာလဲ**

**(က) လူမျိုးအတွက်**

**(ခ) တိုင်းပြည်အတွက်**

**(ဂ) လူသားကောင်းကျိုးအတွက်**


**(ဃ) ကမ္ဘာကြီးအတွက်**

**(င) ဝေနေယျသတ္တဝါအားလုံးအကျိုးအတွက်** မေတ္တာပါပါစေ၊ အမုန်း၊ ဒေါသ၊ ရန်ငြိုးအာဃာတမပါစေရပါ။

ဒါတွေကို တိတိကျကျ၊ သေသေချာချာ သိထားပြီဆိုရင်တော့ လက်ကိုင်ဖုန်းပေါ်မှာရေးတာ၊ ပြောတာ၊ ပြသတာတွေဟာ အမိုက်၊ အညစ်အကြေး၊ အဆိပ်၊ ကင်းစင်နေပါလိမ့်မယ်။ သန့်ရှင်း၊ လှပ၊ သာယာ၊ အေးချမ်းလာပါမယ်။ နားအဆိပ်ခပ်တာ၊ မျက်စိအဆိပ်ခတ်ခံရတာတွေ အားလုံးကင်းဝေးကာ နားချမ်းသာ၊ စိတ်ချမ်းသာပြည့်စုံကြပါစေ။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ကာကွယ်ရေးအသုံးစရိတ် စံချိန်တင်တိုးမြှင့်တောင်းခံသွားမည့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့် ဧပြီလတွင်စတင်မည့် ၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၁ ဘီလီယံကို ယခုနှစ် ဩဂုတ် ၂၉ ရက်တွင် တင်ပြတောင်းခံခဲ့ရာ ၎င်းပမာဏသည် ကာကွယ်ရေးဝန်ကြီးဌာနက တောင်းခံခဲ့သည့် အမြင့်မားဆုံးသော ပမာဏပင်ဖြစ်သည်။ ဂျပန်သည် ရုရှား၊ မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့၏ မြင့်တက်လာသော စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကာကွယ်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိဘဏ္ဍာရေးနှစ်၏ ကနဦးဘတ်ဂျက်ထက် ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာသော အဆိုပြုဘတ်ဂျက်သည် ကာကွယ်ရေးဝန်ကြီးဌာန၏ ၁၄ နှစ်ဆက်တိုက်ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်တောင်းခံမှုပင်ဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်တောင်းခံမှုသည် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးလက်ထက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့် ရပ်တည်ချက်တူညီပြီး အမေရိကန် လိုလားသည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) ပါတီမှ လက်ရှိဝန်ကြီးချုပ် အီရှီဘာရှီဂဲရုသည် ဂျပန်၏ ကာကွယ်ရေးစွမ်းဆောင်ရည်များကို အခြေခံကျကျ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အခိုင်အမာသန္နိဋ္ဌာန်ချထားသည်။

ယခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် ဆုံးဖြတ်ချက်မချမှတ်မီ စဉ်းစားသုံးသပ်မှုများ လုပ်ဆောင်နိုင်ရန် အဆိုပြုဘတ်ဂျက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်သည်။ ၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်အစိုးရအဖွဲ့က အတည်ပြုထားသည့် ကာကွယ်ရေးတည်ဆောက်မှုအစီအစဉ်၏ လေးနှစ်မြောက်နှစ်လည်းဖြစ်သည်။ အဆိုပါ အစီအစဉ်အောက်တွင် အစိုးရသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်ထိ ငါးနှစ်အတွင်း ကာကွယ်ရေးဘတ်ဂျက် အမေရိကန်ဒေါ်လာ ၂၉၂ ဒသမ ၈၇ ဘီလီယံခန့် တိုးမြှင့်သုံးစွဲသွားမည်ဖြစ်သည်။

လွန်ခဲ့သော သုံးနှစ်အတွင်း ကာကွယ်ရေးဘတ်ဂျက်သုံးစွဲမည့်အစီအစဉ်၌ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာစေရေးလိုအပ်သည့်ကြိုးပမ်းအားထုတ်မှုများ၏ အဓိကကဏ္ဍခုနစ်ခုကို သတ်မှတ်ထားရှိသည်။ အဆိုပါကဏ္ဍခုနစ်ခုများမှာ တာဝေးပစ်ဒုံးကျည်များ အစုလိုက်အပြုံလိုက် ထုတ်လုပ်ခြင်း၊ ဒုံးကျည်များအပါအဝင်မြင့်တက်လာသော လေကြောင်းချိမ်းခြောက်မှုများကို တုံ့ပြန်ရန်ဘက်စုံလွှမ်းခြုံသော လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များ တည်ဆောက်ခြင်း၊ ဒရုန်းများအသုံးပြုခြင်းအပါအဝင် မောင်းသူမဲ့လေကြောင်းရန်စွမ်းဆောင်ရည်များ တည်ဆောက်ခြင်း၊ အာကာသ၊ ဆိုက်ဘာနယ်ပယ်နှင့်အီလက်ထရိုမဂ္ဂနက်တစ်နယ်ပယ်များအပါအဝင် နယ်ပယ်ပေါင်းစုံစစ်ဆင်ရေးစွမ်းဆောင်ရည်များ တည်ဆောက်ခြင်း၊ ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့်ထောက်လှမ်းရေးနှင့်ဆက်နွယ်သော လုပ်ငန်းဖန်ရှင်များတည်ဆောက်ခြင်း၊ ပဋိပက္ခဖြစ်ပွားရာ ဒေသသို့တပ်ဖွဲ့များနှင့်ထောက်ပံ့ရေးပစ္စည်းများပေးပို့ရန် လှုပ်ရှားစစ်ကစားမှုနှင့် တပ်ဖြန့်ချထားမှုစွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ခြင်းတို့ဖြစ်သည်။

လာမည့်ဘဏ္ဍာရေးနှစ်အတွက် တောင်းခံထားသောကာကွယ်ရေးဘတ်ဂျက်သည် အထက်ပါ အဓိကကဏ္ဍခုနစ်ခုအနက် တတိယကဏ္ဍဖြစ်သည့် မောင်းသူမဲ့ကာကွယ်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်သွားရန် အလေးထားဖော်ပြထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဒိုင်းကာ(SHIELD) ဟုခေါ်ဆိုသည့် ကမ်းခြေအားလုံးကာကွယ်ရေးစနစ်တစ်ခု ထူထောင်သွားရန် အမေရိကန်ဒေါ်လာ ၈၇၆ ဒသမ ၅၆ သန်း သုံးစွဲသွားမည်ဖြစ်ပြီး ဝေဟင်၊ ရေပြင်နှင့်ရေအောက်တို့တွင် မောင်းသူမဲ့ယာဉ်များအသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ ဒိုင်းကာစနစ်သည် အချိန်ကိုက်၊ ပေါင်းစပ်အဆင့်မြှင့်တင်ထားသော ကမ်းရိုးတန်းကာကွယ်ရေးစနစ်တစ်ခုပင်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဒိုင်းကာ



ဂျပန်နိုင်ငံထုတ် Mogami အတန်းအစားဖရီးဂိတ်သင်္ဘောကို တွေ့ရစဉ်။

(SHIELD) တည်ဆောက်ရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (SDF)၊ ကိုယ်ပိုင်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့(GSDF)၊ ကိုယ်ပိုင်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့(MSDF)နှင့် ကိုယ်ပိုင်ဝေဟင်ကာကွယ်ရေးတပ်ဖွဲ့ (ASDF) တို့အတွက် ရေပြင်သွားသင်္ဘောပေါ်မှ ပစ်လွှတ်နိုင်သော မောင်းသူမဲ့ယာဉ် (UAVs) များ၊ စစ်ရေယာဉ်အခြေစိုက် အသေးစား (UAVs) များ၊ ရေပြင်သွားဘက်စုံသုံး အသေးစားမောင်းသူမဲ့ယာဉ် (USVs) များနှင့် ရေအောက်သွားဘက်စုံသုံး အသေးစားမောင်းသူမဲ့ယာဉ် (UUVs) များကို အရေအတွက်မြောက်မြားစွာ ဝယ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိသည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများမှ ထုတ်လုပ်သည့် မောင်းသူမဲ့ယာဉ် (UAVs) များနှင့် ရေပြင်သွားဘက်စုံသုံး အသေးစားမောင်းသူမဲ့ယာဉ် (USVs) များ ဝယ်ယူသွားရန်လည်း စီစဉ်ထားရှိပြီး အထူးသဖြင့် MQ-9B Sky Guardian မောင်းသူမဲ့ယာဉ် (UAVs) များ လေးစင်းထပ်မံဝယ်ယူရန် အမေရိကန်ဒေါ်လာ ၅၂၄ ဒသမ ၄၄ သန်းတောင်းခံထားသည်။ ၎င်းမောင်းသူမဲ့ယာဉ် (UAVs)များကို ကိုယ်ပိုင်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့ (MSDF) ၌ အသုံးပြုသွားမည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် တူကီယဲနိုင်ငံထုတ် Bayraktar TB2 ဒရုန်းများဝယ်ယူသွားရန်လည်းစီစဉ်ထားရှိသည်။ လက်ရှိယူကရိန်းစစ်ပွဲတွင် အသုံးပြုလျက်ရှိသည့် ၎င်းမောင်းသူမဲ့ယာဉ် (UAVs) များသည် ဈေးနှုန်းကြီးမားပြီး တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ငါးသန်းခန့် ကုန်ကျမည်ဖြစ်သည်။ ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနသည် မောင်းသူမဲ့ယာဉ်အမြောက်အမြားကို တစ်ပြိုင်တည်းထိန်းချုပ်မှုအတွက် သရုပ်ပြစမ်းသပ်မှုများ လုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၆ သန်း တောင်းခံသွားမည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အဓိကစီမံကိန်းများအနက်မှ တစ်ခုအဖြစ် New FFM ဟု ခေါ်ဆိုသည့် ဘက်စုံသုံးဖရီးဂိတ်အသစ်တစ်စင်း တည်ဆောက်သွားရန် အမေရိကန်ဒေါ်လာ ၇၁၃ ဒသမ ၇၈ သန်းကိုလည်း တောင်းခံသွားမည်ဖြစ်သည်။ ၎င်းဖရီးဂိတ်အသစ်များသည် ကိုယ်ပိုင်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့(MSDF)၏ Mogami အတန်းအစားဘက်စုံသုံးဖရီးဂိတ်များကို အဆင့်မြှင့်တင်တည်ဆောက်ထားခြင်းသည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် New FFM ဖရီးဂိတ် ၁၂ စင်းထိ တည်ဆောက်ရန်စီစဉ်ထားရှိပြီး ၂၀၃၂ ဘဏ္ဍာရေးနှစ်တွင် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ဘတ်ဂျက်တစ်နှစ်အတွင်း New FFM တစ်စင်းတည်းသာတည်ဆောက်သွားမည်မဟုတ်ဘဲ ၂၀၂၄ ခုနှစ် ဘတ်ဂျက်တွင် နှစ်စင်းနှင့် ၂၀၂၅ ဘတ်ဂျက်တွင် သုံးစင်းတည်ဆောက်ရန်လျာထားလျက်ရှိသည်။ အကြောင်းမူကား ဩစတြေးလျအစိုးရသည် ယခုနှစ် ဩဂုတ်လအစောပိုင်းတွင် ဂျပန်နိုင်ငံထုတ် Mogami အတန်းအစားဖရီးဂိတ်ကို တော်ဝင်ဩစတြေးလျရေတပ်၏ အနာဂတ်ဘက်စုံသုံးဖရီးဂိတ်များအဖြစ် ရည်ရွယ်ကာရွေးချယ်ခဲ့သောကြောင့် New FFM ဖရီးဂိတ်များ တိုးမြှင့်တည်ဆောက်ရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် ရေတပ်စွမ်းအားခိုင်မာအားကောင်းအောင် အလျင်အမြန် တည်ဆောက်လျက်ရှိသဖြင့် ဂျပန်နိုင်ငံသည် Mogami အတန်းအစားဖရီးဂိတ်များကို သတ်မှတ်ရက်အတွင်း လွှဲပြောင်းပေးနိုင်ရန် လုပ်ဆောင်ရလျက်ရှိသဖြင့် New FFM တည်ဆောက်မှုအရှိန်အဟုန်ကို လျှော့ချထားရသည်။ ဩစတြေးလျနိုင်ငံသည် ရေတပ်အဆင့်မြှင့်တင်တည်ဆောက်မှု အကြီးစားစီမံကိန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အတွင်း တပ်တော်ဝင်ခဲ့သည့် သက်တမ်းရင့် Anzac အတန်းအစားဖရီးဂိတ်များနေရာတွင်း အစားထိုးရန် Mogami အတန်းအစားဘက်စုံသုံး ဖရီးဂိတ်အသစ် ၁၁ စင်းထိ ဝယ်ယူသွားရန် ရည်မှန်းထားရှိသည်။ ၎င်းဖရီးဂိတ်ပထမဆုံး သုံးစင်းကို ဂျပန်နိုင်ငံတွင် တည်ဆောက်သွားမည်ဖြစ်ပြီး ပထမဆုံးတစ်စင်းကို ၂၀၂၉ ခုနှစ်တွင် ဩစတြေးလျရေတပ်သို့လွှဲပြောင်းသွားမည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ကျန် ၁၁ စင်းကို ဩစတြေးလျနိုင်ငံအနောက်ပိုင်းရှိ ဟန်ဒါဆန် (Henderson) သင်္ဘောကျင်း၌ တည်ဆောက်သွားမည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ကာကွယ်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်မှုနှင့်စပ်လျဉ်း၍ Type 12 အမျိုးအစားကုန်းမြေအခြေစိုက် ရေပြင်မှသင်္ဘောပစ်ဒုံးကျည် (SSM) မူကွဲအသစ်တစ်မျိုးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ ဘီလီယံ တောင်းခံထားရှိသည်။ ၎င်း SSM သည် ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်မှု၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနသည် သင်္ဘောပေါ်မှတာဝေးပစ်ခတ်နိုင်သည့် Type 12 SSM အမျိုးအစားအဆင့် သင်္ဘောမြင့်မူကွဲ ဒုံးကျည်ဝယ်ယူရန်လည်း အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၅၅ သန်း တောင်းခံထားရှိသည်။ ဂျပန်နိုင်ငံသည် လက်ရှိဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ထားသော Type 12 SSM ဒုံးကျည်အမြောက်အမြားကို စတင်ထုတ်လုပ်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အသံ၏မြန်နှုန်းထက် ငါးဆပိုမိုပျံသန်းနိုင်သည့် အသံလွန် ပဲ့ထိန်းဒုံးကျည်များ အမြောက်အမြားထုတ်လုပ်မှုကို ၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်၌ စတင်သွားမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာသည် အဆိုပါဒုံးကျည်များနှင့်မြေပြင်အခြေစိုက် အထောက်အကူပစ္စည်းများဝယ်ရန် ပထမဆုံးအကြိမ်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၇၂ သန်း တောင်းခံခဲ့သည်။

ထို့ပြင် စတုတ္ထကဏ္ဍဖြစ်သည့် နယ်ပယ်ပေါင်းစုံစစ်ဆင်ရေးစွမ်းဆောင်ရည်များ မြှင့်တင်မှုအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသည် အာကာသနယ်ပယ်အတွက် လုံခြုံရေးအခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၄ ဘီလီယံခန့် တောင်းခံထားရှိပြီးလာမည့်ဘဏ္ဍာရေးနှစ်တွင် ကိုယ်ပိုင်ဝေဟင်ကာကွယ်ရေးတပ်ဖွဲ့ (ASDF) ကို ကိုယ်ပိုင်အာကာသတပ်ဖွဲ့ (SSDF) အဖြစ် ပြန်လည်ဖွဲ့စည်းသွားရန် စီစဉ်ထားရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ဗြိတိန်၊ အီတလီတို့နှင့်အတူ မျိုးဆက်သစ်တိုက်လေယာဉ် တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၇ ဘီလီယံတောင်းခံထားရှိပြီး ပထမဆုံးသော မျိုးဆက်သစ်ဂျက်တိုက်လေယာဉ်ကို ၂၀၃၀ ပြည့်နှစ်တွင် စတင်ပျံသန်းနိုင်ရန် မျှော်မှန်းထားရှိသည်။ ထို့ပြင် မျိုးဆက်သစ်တိုက်လေယာဉ်နှင့်အပြိုင် အသုံးပြုသွားမည့် မောင်းသူမဲ့လေယာဉ်သုတေသနပြုထုတ်လုပ်ရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃၇ သန်း တောင်းခံထားရှိသည်။

မည်သို့ပင်ဆိုစေ ဂျပန်နိုင်ငံသည် တိုင်းပြည်ပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများမြင့်တက်လာလျက်ရှိသဖြင့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲလာခဲ့သည်။ အထူးသဖြင့် ပြည်တွင်း၌ပင် ခေတ်မီစစ်လက်နက်ပစ္စည်းများ သုတေသနပြုထုတ်လုပ်သွားရန်အပြင် ပြည်ပနိုင်ငံများမှ ခေတ်မီဆန်းသစ်သော စစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Japan's Defense Ministry Requests Larg-est**
- **Ever Budget for Fiscal Year 2026 By The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

### ၁-၉-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၃၅၅။ | ကွယ်လွန်သူဦးပန်းအောင်အားရည်စူး၍ (ဇနီး)ဒေါ်ညွန့်ညွန့်လွင်၊ (သား)ဒေါက်တာထွဋ်မောင်မောင်၊ (သမီး)ဒေါ်အိအိမန်းအောင်၊ (မြေး)မပန်းအင်ကြင်း၊ မပန်းဖြူငွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၃၅၆။ | ကွယ်လွန်သူဘိုးဘိုးကြီး ဦးမာန်သိန်းနှင့် နှစ်ဖက်သောမိဘများအားရည်စူး၍ ဇနီး ဒေါ်ယဉ်နု၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၃၅၇။ | ဦးကြည်ထွဋ်ဝင်းနှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၃၅၈။ | ကွယ်လွန်သူဦးကြည်ဟန်အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၃၀၀၀၀ |
| ၁၀၃၅၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးပွားနှင့် ဒေါ်အေးသွယ်တို့အားရည်စူး၍ ကျန်ရစ်သူသမီးမနွဲ့နွဲ့ရီကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၃၆၀။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေ၊ (သမီး)မအေးအေးဟန်၊ မခင်ချိုရီ၊ မခိုင်ခင်ရီမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၁။ | ကွယ်လွန်သူဦးခင်မောင်ကျိုင်နှင့် ဒေါ်ခင်မကြီးတို့အား ရည်စူး၍ ဦးနေကျော်ကျိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၂။ | မသင်းသန့်ဇွန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၃။ | ကိုနောင်နှင့်ဇနီး မလပြည့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၃၆၄။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ရွှေအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၃၆၅။ | ကိုအံ့ကောင်းခနှင့်ဇနီး မယမုံမင်းထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၃၆၆။ | ဒေါ်ဝင်းဝင်းသိန်းနှင့် ဒေါ်ခင်ဆွေလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၇။ | ကွယ်လွန်သူဦးညွန့်လွင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၈။ | ဒေါ်စန်းစန်းငွေ၊ ဒေါ်စန်းစန်းမြင့်နှင့် တူ၊ တူမများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၉။ | ကိုပြည့်ဖြိုးကျော်နှင့်ဇနီး မရွှန်းလဲ့အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသီဟဇော်နှင့်ဇနီး ဒေါ်သက်ဇင်ဦး၊ (သား)မောင်ဟန်ထူးသီဟဇော်၊ မောင်မင်းမြတ်သီဟဇော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၁။ | ကိုဟိန်းထက်နိုင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၂။ | ဦးဖြိုးသက်ဇော်နှင့်ဇနီး ဒေါ်အိအိစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၃။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်စိန်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၄။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၅။ | ဦးလှမြင့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၆။ | ဦးကျော်ခိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၇။ | ဦးခင်မောင်ချိုနှင့်ဇနီး ဒေါ်ငွေးငွေးမြင့်၊ (သား)မောင်ဘုန်းပြည့်စုံအောင်၊ မောင်ဉာဏ်မင်းထင်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၃၇၈။ | ဦးမောင်သန်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၇၉။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ကြင်စီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၀။ | ဦးမြင့်အောင်၊ ဒေါ်ညွန့်ညွန့်ရွှေနှင့် ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၁။ | ဦးသိန်းဝင်းနှင့် ဒေါ်ဝင်းကြည်တို့အားအမှူးထား၍ ဦးဥက္ကာဆန်းနှင့်ဇနီး ဒေါ်အိအိဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်နန်းဟန်နု၊ (သမီး)မဖြိုးရတနာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၃။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်လေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၄။ | ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခိုင်ခိုင်နှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၅။ | ဦးသန့်စင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၆။ | ဦးအောင်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၇။ | ဦးရဲထွေးနှင့်ဇနီး ဒေါ်ဝါဝါထိုက်၊ (သား)ဦးသော်တာထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၈။ | ဦးသန့်ဆွေနှင့်ဇနီး ဒေါ်ခင်ခင်လှ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၉။ | ဦးခင်ဇော်မောင်နှင့် ဒေါ်ခင်ခင်သစ်၊ (သား)မောင်ပြည့်ကျော်၊ (သမီး)မကေသွယ်လင်း၊ မောင်ပြည့်သုတမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၀။ | ဦးဖြိုးမောင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၁။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်မာရီယာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၂။ | ဒေါ်တင်တင်ရွှေ၊ (သား)ကိုသက်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၃။ | ဦးကျော်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၄။ | ဦးအောင်ကျော်စိုးနှင့်ဇနီး ဒေါ်စုစုလှိုင်ငွေး၊ (သား)မောင်ကျော်ထွဋ်ခေါင်၊ (သမီး)မနှင်းယမုံအေး၊ မသဒ္ဒါထွဋ်ခေါင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၅။ | ဦးကျော်ဝေနှင့်ဇနီး ဒေါ်ယဉ်ယဉ်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၆။ | ဦးမြင့်ဝေနှင့်ဇနီး ဒေါ်သဇင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၇။ | ဦးအောင်ဟိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၈။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးအေးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၉။ | ကွယ်လွန်သူ ဦးမန်းမောင်မောင်ဉာဏ်အားရည်စူး၍ ဒေါ်ကြင်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၀။ | ကွယ်လွန်သူဦးခင်မောင်အုံးအားရည်စူး၍ ဦးငြိမ်းချမ်းကျော်နှင့်ဇနီး ဒေါ်ဝင်းကေသီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၁။ | ကွယ်လွန်သူ ဦးပြူးအားရည်စူး၍ ဒေါ်သန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၂။ | ကွယ်လွန်သူဦးဉာဏ်ရွှင်အားရည်စူး၍ ဒေါ်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၃။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်ငွေနှင့် ဒေါ်လှတင်တို့အားရည်စူး၍ သမီးဒေါ်သန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၄။ | ကွယ်လွန်သူဦးခင်သိန်းအားရည်စူး၍ ဒေါ်စံနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၅။ | ကွယ်လွန်သူဦးအေးဆွေနှင့် ဒေါ်ခင်အေးတို့အားရည်စူး၍ ဒေါက်တာတင်မျိုးမျိုးဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၆။ | ကွယ်လွန်သူဦးဝင်းလှိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၈၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

---

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

---

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



---

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၇၆၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခုနှစ် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၇၆၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၄၉၃၆ ကေလျာထားပြီး မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၂၆၆၆၂ ကေ၊ ဖူးစားပြောင်း ၂၁ ကေ၊ မြေပဲ ၃၀ ကေ၊ ငရုတ် ၉၆ ကေ၊ ဟင်းသီးဟင်းရွက် ၈၇၈ ကေ စုစုပေါင်း သီးနှံစုံ ၁၂၇၆၈၇ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးရန် ကျန်သည့်သီးနှံများကို ဆက်လက် စိုက်ပျိုးနေကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင် သီးနှံစုံတွေစိုက်ဖို့ တောင်သူတွေအတွက် လိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ သီးနှံစုံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ ဓာတ်မြေသြဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ သဘာဝ ဓာတ်မြေသြဇာတွေ လုပ်ဆောင် အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းတွေ ပို့ချပေးနေပါတယ်။ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးသီးနှံကို အများဆုံး လျာထားစိုက်ပျိုးပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ လျာထားကေ ပြည့်မီရေး၊ ရာနှုန်းပြည့်စိုက်ပျိုးရေး၊ ပိုးမွှား ရောဂါကင်းရှင်းစေရေး၊ ဈေးကွက်ဝင်အထွက်နှုန်းကောင်းမျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ဖြူးမြို့နယ် ငွေးကုန်းကျေးရွာ၌ (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဖြူး စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချင်းခင်ကျေးရွာအုပ်စု ငွေးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းကို ဩဂုတ် ၃၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့်ရပိုင်ခွင့်များ၊ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြီး ကော်မတီဖွဲ့စည်းနိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့် အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေးကုန်းကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

**ကိုပြည့်**










## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ MMA ကိုယ်ပိုင်ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးခိုင်ဇော်သန့်၏သမီး မအိမ့်ကြာဖြူအား မရှင်းသန့်ကြည်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရှင်းသန့်ကြည်ဖြူ

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ရွှေမြင့်မိုရ်ကျောင်းနေ ဦးအာဒိစ္စ (ဘ) ဦးဝေလု(၅/ရဘန(သ)၀၀၁၅၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-126136)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-764035006

## လျှပ်စစ်မီးကို ချွေတာ သုံးစွဲပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းစံပြကျေးရွာနေ ဦးမြင့်သူဆွေ + ဒေါ်ချိုချိုဝင်းတို့၏သား မောင်အာကာနေမင်းသူ(၉/အမရ(နိုင်)၁၂၀၇၆၇)သည် မိဘစကားနားမထောင်ဘဲစိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သူဆွေ(၉/အမရ(နိုင်)၀၀၈၂၈၂)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ခရေလမ်းနေ ကျွန်မ ဒေါ်မျိုးမာဦး(၁၂/ဗဟန(နိုင်)၀၂၄၂၈၅)၏သားဖြစ်သူ မောင်မျိုးချစ်အောင်(၉/ပဥလ(နိုင်)၁၀၈၂၁၆)သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်၏စိတ်နှင့်ခန္ဓာထိခိုက်အောင် ပြုမူဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင် ဒေါ်မျိုးမာဦး

## အဖိုးတန်ရေချိုကို ချွေတာပါ

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



❖ တိုင်းပြည်၏ စည်းလုံးညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများ ပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်...


❖ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၁ ရက်တွင် ပြုလုပ်သော အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr.Thongloun Sisoulith တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E.Mr. Thon-gloun Sisoulith နှင့် ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ စာမျက်နှာ ၁၇ ကော်လံ ၁ ☆




## လေပွေလှိုင်း နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းသို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါလေပွေလှိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နေ့လယ်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၀ ကော်လံ ၄ ❑

